## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**

# မြဝတီ

နေ့စဉ်

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၆၃)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရွှေတိဂုံစေတီတော်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဘုရားဖူးလာရောက်သူ ခုနစ်သိန်းဝန်းကျင်ရှိ



ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဘုရားဖူးလာရောက်သူ ခုနစ်သိန်းဝန်းကျင်ရှိကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ဘုရားဖူးဝင်ရောက်မှုများအနေဖြင့် သံဃာတော် ၁၅၂၉၈ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၈၇၁၆ ပါး၊ အမျိုးသား ၃၁၀၈၃၀ ဦး၊ အမျိုးသမီး ၃၅၄၄၅၁ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၈၅၀၄ ဦး စုစုပေါင်း ၆၉၇၇၉၉ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မိုးရာသီကာလတွင် ရွှေတိဂုံစေတီတော်သို့ဘုရားဖူးဝင်ရောက်မှု အနည်းငယ်လျော့နည်းသော်လည်း နောက်ပိုင်းဘုရားဖူးဝင်ရောက်မှုမှာ **စာမျက်နှာ ၃ ကော်လံ ၁** ❖

## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံနေကြာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက်ပိုမိုစိုက်ပျိုးခြင်းဖြင့် ဒေသတွင်းစားသုံးဆီဖူလုံလာမည်ဖြစ်

ပွင့်ဖြူ ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးသည့် ဆီထွက်သီးနှံနေကြာစိုက်ခင်းများရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ ယခင်နှစ်ကထက်သီးနှံအထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ဧက ၉၃၀ လျာထားစိုက်ပျိုးရာ လက်ရှိစိုက်ပျိုးနိုင်မှု ၁၀၄၆ ဧက စိုက်ပျိုးနိုင်ကြောင်း၊ ယခုအခါနေကြာသီးနှံစိုက်ခင်းများမှာ ရိတ်သိမ်းခြွေလှေ့ချိန်ရောက်ပြီဖြစ်သဖြင့် စက်တင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး၍ တစ်ဧကလျှင် ၁၉ ဒသမ ၃၄ တင်းထွက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁** ■



### ဆောင်းပါး

## ဆိုလာနည်းပညာ မှသည် လျှပ်စစ်စွမ်းအင်ဆီသို့

စာ - ၁၃ သို့

### ရောင်စုံပုံသင်းစာပန်းခင်း

မြန်မာ့ရိုးရာ ကစားနည်းများ

## ဖန်ခုန် ကစားနည်း



စာ - ၁၂ သို့

### (၅-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၃၃၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်)

# ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောနေ့

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ဇန်နဝါရီလ ၄ ရက် နံနက်ပိုင်းတွင်ကျင်းပရာ ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့နှင့်အမျိုးသားအောင်ပွဲနေ့တို့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ရရှိသူနှစ်ဦး၊ သူရဘွဲ့ရရှိသူကိုးဦး၊ သီရိပျံချီဘွဲ့ရရှိသူငါးဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူသုံးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၉၆ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူငါးဦး၊ သိပ္ပကျော်စွာဘွဲ့ရရှိသူနှစ်ဦး စုစုပေါင်း ၁၂၂ ဦးတို့ကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခဲ့သည်။ ထို့အတူ မွန်းလွဲပိုင်းတွင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား၌ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၄ ဦးကို ဆုတံဆိပ်များအသီးသီးချီးမြှင့်ခဲ့သည်။ ကျန်စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် လက်မှတ်ရရှိသူများကိုလည်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် တစ်ပြိုင်တည်းချီးမြှင့်အပ်နှင်းခဲ့သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့်အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့်ပုဂ္ဂိုလ်များအပေါ် လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ခြင်းများဆောင်ရွက်နေခြင်းဖြစ်သည်။ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုနေသကဲ့သို့ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ သက်သာခွင့်များကိုခွင့်ပြုပေးခဲ့သည်။ ဤသတင်းများမှာ နိုင်ငံတော်နှင့်ပြည်သူများအတွက် ဝမ်းသာဖွယ်၊ ဂုဏ်ယူဖွယ်ကောင်းလှသည့် သတင်းများပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **"နိုင်ငံတော်အတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့်တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပေးရခြင်းကို ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍လည်း ဂုဏ်ပြုသင့်သူများကို မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကိုရှေးရှုပြီး " လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဆိုသည့် ရှေ့လုပ်ငန်းစဉ်နှင့်အတူ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး" အပါအဝင် ဦးတည်ချက်(၉) ရပ်ကိုလည်း တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံး၏အင်အားသည် အဓိကကျပြီး အားလုံးပူးပေါင်းပါဝင်မှုသည်အရေးကြီးလှသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက်စွန့်လွှတ်စွန့်စားအကျိုးဆောင်သူများကို နိုင်ငံတော်၏လွတ်လပ်ရေးနေ့နှင့် အခြားနေ့ထူးနေ့မြတ်အခါသမယများတွင် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်မှာ မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်ကတည်းကကျင့်သုံးခဲ့ကြသည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံတော်အတွက် ထူးချွန်ပြောင်မြောက်စွာစွမ်းဆောင်ခဲ့သူများကို နိုင်ငံတော်က ကျေးဇူးတုံ့ပြန်ခြင်းဖြစ်သဖြင့် ကျက်သရေမင်္ဂလာနှင့်ပြည့်စုံညီညွတ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံကြီး၌ နိုင်ငံ့ဝန်ထမ်းများအား $H_1 N_1$ ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံပေး

ဂန့်ဂေါ ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်ကာ နိုင်ငံ့ဝန်ထမ်းများအား $H_1 N_1$ ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇန်နဝါရီလ ၅ ရက်တွင် ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတာဝန်ခံ ဒေါက်တာကျော်ကျော်လွင် ဦးဆောင်သည့် မြို့နယ်ကျန်းမာရေးမှူး ဦးစန်းဝင်း၊ ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်းနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း/အမှုထမ်းများ၊ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများ စုစုပေါင်း ၃၀၀ ဦးကို $H_1 N_1$ ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးများထိုးနှံပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံနေမှုကို ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနန္ဒ၊ ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဆွေဦးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များကူညီဆောင်ရွက်ပေးကြသည်။ $H_1 N_1$ ရာသီတုပ်ကွေးရောဂါသည် လူမှလူသို့ ကူးစက်တတ်သောရောဂါဖြစ်ကြောင်း သိရသည်။

မောင်မျိုးမင်း(ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၇:၁၆ | မေတ္တာပို့ |
| ၂။ | ၀၇:၂၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၄။ | ၀၉:၀၀ | Soft Skill |
| ၅။ | ၁၀:၀၀ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း |
| ၆။ | ၁၁:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၇။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၈။ | ၁၃:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၉။ | ၁၄:၀၀ | Myanmar Traditional Food |
| ၁၀။ | ၁၅:၀၀ | အဟောင်းထဲမှအကောင်းဆုံး တေးသီချင်းများ |
| ၁၁။ | ၁၈:၄၀ | ကျန်းမာသုတ |
| ၁၂။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ဆန်ရေ(ဇာတ်သိမ်းပိုင်း) သရုပ်ဆောင် ညွန့်ဝင်း၊ လွင်မိုး၊ မြင့်မြင့်ခိုင် ဒါရိုက်တာ ကြည်စိုးထွန်း** |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

❖ **ရွှေတိဂုံစေတီတော်မှ**

တဖြည်းဖြည်းပိုများလာကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဘုရားဖူးဝင်ရောက်မှုမှာ တစ်ရက်လျှင် ၁၂၀၀၀ ဝန်းကျင်ရှိပြီး ရုံးပိတ်ရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေနှင့် နေ့ကြီးရက်ကြီးများတွင် ဘုရားဖူးဝင်ရောက်မှု ပိုများကြောင်း သိရသည်။ ဘုရားဖူးဝင်ရောက်မှုအများဆုံး နေ့ရက်များအဖြစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်က ၅၀၂၀၄ ဦး၊ ဒီဇင်ဘာလ ၂၁ ရက်က ၃၄၂၂၆ ဦး၊ ဒီဇင်ဘာလ ၂၉ ရက်က ၄၇၈၂၈ ဦးနှင့် ဒီဇင်ဘာလ ၃၁ ရက်က ၃၈၇၀၅ ဦး လာရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများအဆင်ပြေစေရန် ၂၀၂၂ ခုနှစ် မတ်လ ၂၆ ရက်မှစ၍ ဘုရားဖူးမြော်ချိန်ကို နံနက် ၅ နာရီမှ ည ၈ နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီအထိလည်းကောင်း၊ ထို့နောက် ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစ၍ နံနက် ၄ နာရီမှ ည ၁၀ နာရီအထိလည်းကောင်း တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

■ **ရှေ့ဖုံးမှအဆက်**

"နေကြာသီးနှံက အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် ပြီးခဲ့တဲ့နှစ်ထက် သီးနှံအထွက်နှုန်းကောင်းပါတယ်။ နေကြာသီးနှံရိတ်သိမ်းချွေလှေ့ခြင်းနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေလျော့နည်းမှုမဖြစ်အောင် တောင်သူတွေကို အချိန်မီရိတ်သိမ်းချွေလှေ့ကြဖို့ သီးနှံအရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် စနစ်တကျ သိမ်းဆည်းကြဖို့ တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် စိုက်ပျိုးစရိတ်အကုန်အကျသက်သာပြီး သီးနှံဝင်ငွေပိုမိုရရှိသည့် နေကြာသီးနှံ စိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီနှင့်ဆောင်းရာသီတွင် အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မွန်ပြည်နယ်အတွင်း အကျဉ်း/အချုပ်ထောင်စခန်း ၁၀ ခုမှ အကျဉ်းသား/အကျဉ်းသူ ၃၉၅ ဦးလွတ်ငြိမ်းခွင့်ပြု

မော်လမြိုင် ဇန်နဝါရီ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ်အတွင်းရှိ အကျဉ်း/အချုပ်ထောင်စခန်း ၁၀ ခုမှ အကျဉ်းသား/အကျဉ်းသူ ၃၉၅ ဦးတို့အား ဇန်နဝါရီလ ၄ ရက်က ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)အရ စည်းကမ်းချက်ဖြင့် ၎င်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအား လျှော့ပေါ့၍ တာဝန်ရှိသူတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။




ထိုသို့လွှတ်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ကျိုက်မရောဇဟိုထောင်မှ ၆၁ ဦး၊ မော်လမြိုင်အချုပ်ထောင်မှ ၁၄၀ ဦး၊ သထုံအကျဉ်းထောင်မှ ၃၅ ဦး၊ ကျိုက်ထိုမြို့နယ် မုပ္ပလင်(အမျိုးသား) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၃၆ ဦး၊ မုပ္ပလင်(အမျိုးသမီး)ကုန်ထုတ်စခန်းမှ အကျဉ်းသူ ၄၃ ဦး အင်္ဂတိုရော်ဘာစိုက်ပျိုးရေးစခန်း (ရွှေဖြူ)မှ အကျဉ်းသား ရှစ်ဦး၊ တောင်စွန်းစခန်းမှ ၂၀ ဦး၊ ရင်ငြိမ်စခန်းမှ ၂၆ ဦး၊ အင်ဖြောင်စခန်းမှရှစ်ဦး၊ ဇင်းကျိုက်စခန်းမှ ၁၈ ဦး စုစုပေါင်း အကျဉ်းသား/အကျဉ်းသူ ၃၉၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းဖြစ်သည်။

အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့်လွှတ်ပေးရာ၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/အကျဉ်းသူ ၃၉၅ ဦးတို့အား အကျဉ်း/အချုပ်ထောင် တာဝန်ခံအရာရှိနှင့်တာဝန်ရှိသူများက ဆုံးမစကားများပြောကြား၍ ထောင်လွှတ်လက်မှတ်နှင့် အတူ စားစရိတ်၊ ခရီးစရိတ်နှင့်လုပ်အားရှင်ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ခနိချပ်ရေ ငါးသိန်းကျော် တင်ပို့ရောင်းချ

ဘိုကလေး ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ခနိချပ်ရေ ငါးသိန်းကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ခနိရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဇာခြည်၏ ပြောပြချက်အရ သိရသည်။

ဘိုကလေးမြို့နယ်သည် ခနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ခနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ခနိချပ်ရေ ၃၉၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ခနိချပ်ရေ ၅၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က တောင်သူတွေက စပါးအပြင် ခနိနဲ့တခြားသီးနှံတွေစိုက်ပျိုးထုတ်လုပ်ရောင်းချပါတယ်။ ခနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်ဈေးကွက်က ခနိဝယ်လိုအားကောင်းခဲ့ပါတယ်။ ဝယ်လိုအားကောင်းခဲ့တဲ့အတွက် ခနိစိုက်ပျိုးသူတွေနဲ့ ခနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဒေါ်ဇာခြည်က ပြောသည်။

လက်ရှိတွင် ခနိဝယ်လိုအားကောင်းလာခြင်းကြောင့် ခနိစိုက်ပျိုးသူများ၊ ခနိထိုးလုပ်သားများ၊ ခနိပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

## စဉ်မြဲပြည့်စုံ မညှိုးဂုဏ်

❋ ပင်မြင့်မှာလန်း၊ ပွင့်သည့်ပန်းမို့
လှပန်းခရေ၊ ပွင့်လန်းဝေ၍
နွမ်းကြွေမှုကင်း၊ မွှေးပျံ့သင်းတော့
အဆင်းလှပ ဂုဏ်တင့်လှ။

❋ လှပန်းခရေ၊ ရနံ့ပြေ၍
နွမ်းကြွေလို့ကျ၊ မြေသို့ခလည်း
မူလတန်ဖိုး၊ ဂုဏ်မညှိုးဘဲ
ကောင်းကျိုးတွေပေး၊ ရနံ့လေးက
မွှေးမြဲမွှေးနေ ဂုဏ်အင်ပေ။

❋ ခရေနှင့်တူ၊ စစ်သားဟူသည်
ပြည်သူ့တွက်တာ၊ ရှိနေပါသည်
တာဝန်ပေးမူ၊ အောင်လံထူ၍
ရန်သူမကြောက်၊ ဒူးမထောက်ပါ
ဂုဏ်တောက်ဖြာလင်း၊ ရနံ့သင်းပြီး
အဆင်းလှပ ဂုဏ်တင့်စွ။

❋ စွန့်လွှတ်စွန့်စား၊ ပြည့်စစ်သားသည်
ဆိုထားသစ္စာ၊ ခိုင်မာစွာမို့
ဘယ်မှာရန်သူ၊ သောင်းပြောင်းထူလည်း
နေပူမိုးရွာ၊ ဆောင်းအခါဟု
ရာသီမရွေး၊ ပြည့်ရှေ့ရေးတွက်
လေးချက်သစ္စာ၊ စောင့်သိကာပင်
တာဝန်ကျေကျေ၊ ထမ်းဆောင်လေ၍
ကြွေလွင့်သွားလည်း၊ မြင့်မြတ်မြဲမို့
စဉ်မြဲတန်ဖိုး ဂုဏ်မညှိုး။
ပန်းခရေမျိုး ကောင်းဂုဏ်တိုး။ ။

**မနော်ဖြူ**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၁-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၃။ ၁၅:၀၀ | Jumping For You |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင် | ၄။ ၁၆:၄၀ | I Music |
| | | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| | | ၆။ ၂၂:၂၀ | Goodnight Listeners |

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်ကြီးပြင်းလာသောအချိန်၌ အခွင့်ကြုံတိုင်း အဘိုး၏စကားသည် စိတ်ထဲတွင် ပေါ်လာသည်ချည်းဖြစ်၍ သူတစ်ပါးအား ထိပါးနစ်နာအောင် စော်ကားသောအပြုအမူမျိုးမဟုတ်သမျှ ကာလပတ်လုံး အဘိုး၏ဩဝါဒအတိုင်း လိုက်နာခြင်းကြောင့် ကျွန်ုပ်ကိုယ်တိုင် လူစုံတစ်ယောက်ဖြစ်လာခဲ့ရသည်။ ဤအတွက်ကြောင့် ကျွန်ုပ်အား အထိုက်အလျောက် နာမည်ပျက်စေခြင်းကို ဝန်ခံရမည်ဖြစ်သော်လည်း ကျွန်ုပ်၏စိတ်ထဲ၌ တစ်ရံတစ်ဆစ်မျှ နောင်တရဖူးသည်မရှိခြင်းကိုလည်း ပြောရပါသည်။

**ဘဝတာကို ပြောင်းလဲစေသောအချက်**

မိခင်၊ ဖခင်တို့သည် ဈေးချိုအနောက်ဘက် ရွှေတချောင်းမြောင်းပေါင်အနီးရှိ ရိုင်တန်းခေါ်အရပ်၌ အိမ်ကလေးတစ်လုံး ဝယ်ယူရရှိသောအခါတွင် မဲအိုးတန်းရှိ နေအိမ်ကိုရောင်းချ၍ ပဲပုတ်တန်းအိမ်ခန်းကိုလည်းစွန့်လွှတ်ပြီးလျှင် ပြောင်းရွှေ့နေထိုင်ကြလေ၏။ ယင်းရပ်ကွက်၌ နေထိုင်ကြစဉ် ကျွန်ုပ်၏ဘဝကိုပြုပြင်ပြောင်းလဲစေခဲ့သည့် အခြင်းအရာတစ်ခု ဖြစ်ပေါ်ခဲ့၏။ ယင်းရပ်ကွက်အနီး၌ လေးဆယ်တော်မင်းခေါ် မြန်မာမင်းလက်ထက်က အရာရှိကြီးတစ်ဦးရှိရာ ၎င်းအဘိုးကြီးသည် ကျွန်ုပ်တို့၏နေအိမ်သို့ ညတိုင်းလာ၍ တရားဟောလေ့ရှိ၏။ ထိုပုဂ္ဂိုလ်ကြီး ဟောပြောသည့်တရားမှာ ဗုဒ္ဓဘာသာမိရိုးဖလာ ဟောပြောကြသည့် တရားမျိုး မဟုတ်ဘဲ မဂ်သံဖိုလ်သံမျိုးပါရှိလေရာ (ထိုစဉ်ကမူ အလွန်ဆန်းသည်ဟု ယူဆကြသည်။) မိဘများသည် နားပါးသောပုဂ္ဂိုလ်မျိုးဖြစ်၍ မည်သည့်ဆရာတော်၏ဩဝါဒ ဖြစ်ပါသနည်းဟု စုံစမ်းမေးမြန်းကြရာ ဒက္ခိဏာဝံတိုက်ရှိ မြိတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒဖြစ်ကြောင်း သိရှိကြရ၏။

**"ဒက္ခိဏာဝံတိုက် မြိတ်ဆရာတော်၏ကျောင်းသို့ အပ်နှံသောအခါ ကျွန်ုပ်မှာခုနစ်နှစ်သားအရွယ်ရှိ၍ အခြေခံပညာကျောင်းမှ သင်ပုန်းကြီးကုန်ပြီး မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းစသော သင်ရိုးစာများကုန်ခဲ့ပြီးလေပြီ။ ယင်းဘုန်းကြီးကျောင်းတွင် ဆရာတော်သည် တခြားသောဘုန်းကြီးကျောင်းများမှာကဲ့သို့ သင်ရိုးသင်စဉ်စာများကိုမသင်ဘဲ ဆရာတော်ကိုယ်တိုင်ရေးသားစီရင်သောစာများကို သင်အံကြရ၏။ ကျွန်ုပ်မှာ မှတ်ဉာဏ်အတော်ကောင်း၍ ဆရာတော်ကပို့ချသောစာများကို တခြားကျောင်းသားကြီးများထက် ရလွယ်သည်ဖြစ်သောကြောင့် ဆရာတော်က လျှော်တိုင်းပြေးတဲ့ လှေပြေးကလေးဟု အမည်မှည့်ကာ ချီးကျူးခြင်းခံရသည်နှင့်အတူ တခြားကျောင်းသားကြီးများ၏ မနာလိုခြင်းလည်းခံရလေသည်. . ."**

ဆရာတော်ဘုရားကြီး၏ ကျောင်းတွင် ကျောင်းသားများအား သင်ရိုးသင်စဉ်နည်းဖြင့်မဟုတ်ဘဲ ဘာသာရေးဆိုင်ရာ စာပေများကိုလည်း တစ်နည်းတစ်ဖုံသင်ပြသည်။ ဂဏန်းသင်္ချာ စသည်များသင်ပြသည့် လက်ထောက်ဆရာများလည်းရှိ၍ အစိုးရစာစစ်လည်းခံသည်ဟုကြားသိကြရသည်တွင် ကျွန်ုပ်အား အခြေခံပညာကျောင်းမှနုတ်၍ ဒက္ခိဏာဝံတိုက်ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့အပ်နှံလေ၏။ အကယ်၍ ကျွန်ုပ်သည် ယင်းကျောင်းသို့ မရောက်ခဲ့လျှင် ကြီးပြင်းသောအခါတွင် ဖိနပ်ထောင်ဆရာတစ်ယောက်ယောက်သော်လည်းကောင်း၊ ဈေးချိုထဲတွင် ဆိုင်ထိုင်၍ရောင်းသော ဖိနပ်သည်တစ်ယောက်ယောက်သော်လည်းကောင်း ဖြစ်လာဖို့သာရှိပေသည်။

**ဘုန်းကြီးကျောင်းသား**

ဒက္ခိဏာဝံတိုက် မြိတ်ဆရာတော်၏ ကျောင်းသို့အပ်နှံသောအခါ ကျွန်ုပ်မှာ ခုနစ်နှစ်သားအရွယ်ရှိ၍ အခြေခံပညာကျောင်းမှ သင်ပုန်းကြီးကုန်ပြီး မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းစသော သင်ရိုးစာများ ကုန်ခဲ့ပြီးလေပြီ။ ယင်းဘုန်းကြီးကျောင်းတွင် ဆရာတော်သည် တခြားသောဘုန်းကြီးကျောင်းများမှာကဲ့သို့ သင်ရိုးသင်စဉ်စာများကို မသင်ဘဲ ဆရာတော်ကိုယ်တိုင်ရေးသားစီရင်သောစာများကို သင်အံကြရ၏။ ကျွန်ုပ်မှာ မှတ်ဉာဏ် အတော်ကောင်း၍ ဆရာတော်က ပို့ချသောစာများကို တခြားကျောင်းသားကြီးများထက် ရလွယ်သည်ဖြစ်သောကြောင့် ဆရာတော်က လျှော်တိုင်းပြေးတဲ့ လှေပြေးကလေးဟု အမည်မှည့်ကာ ချီးကျူးခြင်းခံရသည်နှင့်အတူ တခြားကျောင်းသားကြီးများ၏ မနာလိုခြင်းလည်းခံရလေသည်။ ဤကျောင်းတွင်လည်း ကျွန်ုပ်သည်ပင် အငယ်ဆုံးဖြစ်၍ တခြားကျောင်းသားများမှာ အနည်းဆုံး ဆယ်နှစ်သားအရွယ် ရှိနေကြလေပြီ။ ဆရာတော်သည် ကြွသွားရာအရပ်တိုင်းသို့ ကျွန်ုပ်အားခေါ်သွား၍ ပရိသတ်ရှေ့တွင် ၎င်းသင်ကြားထားသည့် ဘာသာရေးစာပေများကို အမေးအဖြေသဘောနှင့် ကျွန်ုပ်အားမေးရာ ကျွန်ုပ်က သွက်လက်စွာဖြေနိုင်သည့်အတွက်ကြောင့် တချို့သောအမျိုးသမီးများက သားကလေးတော်ချင်သည်၊ တူကလေးဖြစ်စေချင်သည် စသည်ဖြင့် တောင့်တပြောဆိုကြခြင်းများကို ကျွန်ုပ်ကြားရ၏။ ပရိသတ်ရှေ့၌ ဆရာတော်နှင့် ကျွန်ုပ်အမေးအဖြေလုပ်ကြခြင်းကို ကြားနာကြရသောအရပ်သူ၊ အရပ်သားများသည် ၎င်းတို့၏သားများကို ဆရာတော်၏ကျောင်းသို့ မထားချင်သူမရှိသလောက်ဖြစ်၏။ ဤနည်းအားဖြင့် ဆရာတော်၏ကျောင်းမှာ ကျောင်းသားများ စည်ကားများပြားသည်ထက် များပြားလာခဲ့ရာ ကျွန်ုပ်သည်ပင် တည်ကြက်ကလေးဖြစ်နေခဲ့လေပြီ။ စင်စစ်မှာ အမေးအဖြေများသည် ကျွန်ုပ်၏ဉာဏ်စွမ်းဖြင့် ဖြေဆိုရခြင်းမဟုတ်ဘဲ ကျက်စာမျှသာဖြစ်သော်လည်း မကြားဖူးသောမိဘများအဖို့၌ တအံ့တဩဖြစ်ကြရလေသည်။

**သင်ကြားပုံနမူနာ**

အမေးအဖြေကို ဥပမာတစ်ခုပြပါဦးမည်။

'လူဘယ့်နှယ်ရေးသလဲ'

'လရေးနှစ်ချောင်းငင် လူ'

'ဘယ်သူကိုလူခေါ်သလဲ'

'ရုပ် နာမ်နှစ်ပါးကိုလူခေါ်ပါသည်'

'ရုပ် ဘယ်လောက်ရှိသလဲ'

'ရုပ် အဋ္ဌဝီသ ၂၈ ရှိပါသည်'

'ဘာကိုနာမ်ခေါ်သလဲ'

'စိတ်၊ စေတသိက်ကို နာမ်ခေါ်ပါသည်'

'စေတသိက် ဘယ်လောက်ရှိသလဲ'

'စေတသိက် ဒွိပညာသ ၅၂ ရှိပါသည်'

'စိတ် ဘယ်လောက်ရှိမလဲ'

'စိတ် တစ်ခုယုတ် ၉၀၊ အကျယ် ၁၂၁ ပါးရှိပါသည်'

'ဘယ်စိတ် ဘယ်စိတ်များတုံး'

'လောဘမူစိတ်ရှစ်ခု၊ ဒေါသမူစိတ်နှစ်ခု၊ မောဟမူစိတ်နှစ်ခုပေါင်းအကုသိုလ်စိတ် ၁၂ ခု' စသည်ဖြင့် ၈၉ မျိုးသောစိတ်တို့ကို ရေတွက်ရွတ်ဆိုပြရလေသည်။ ဤသည်မှာ ကျက်စာပင်ဖြစ်သော်လည်း ခုနစ်နှစ်သားအရွယ်သူငယ်ကလေးတစ်ယောက်က ပရိသတ်ထဲ၌ သွက်သွက်လက်လက်ရွတ်ဆိုပြခြင်းကို မြင်ကြ၊ ကြားကြရသောအရပ်သူ၊ အရပ်သားများက ကျွန်ုပ်အားချီးမွမ်းကာ ပွေ့ကြ၊ ဖက်ကြ၊ မုန့်ကျွေးကြလေသည်။

**အကောင်းနှင့် အဆိုးတွဲခြင်း**

ဤသည်ကား ကျွန်ုပ်အဖို့ ဟန်ကျလှပါ၏။ သို့ရာတွင် အကောင်းနှင့်အဆိုးခွန်တွဲ၍ဖြစ်တတ်သော ဇာတာရှင်ဖြစ်သည်ဟု နက္ခတ်ဆရာကြီးတစ်ယောက်က (နောက်ပိုင်းတွင်) ဟောဖူးသည့်အတိုင်း ဆရာတော်၏ လက်သပ်မွေးတပည့်ကလေးတစ်ယောက် ဖြစ်ရခြင်းအတွက်ကြောင့် မကောင်းသောအခြင်းအရာများလည်း တွဲလျက်လိုက်ပါလာတော့သည်။ ဤကျောင်းသို့ ကျွန်ုပ်မရောက်မီအချိန်က စာတော်သောကျောင်းသားကလေးတစ်ယောက်သည် ကျွန်ုပ်ကဲ့သို့ပင် ဆရာတော်နောက်သို့ တကောက်ကောက်လိုက်ရဖူး၏။ ကျွန်ုပ်ရောက်လာသောအခါ၌မူ ကျွန်ုပ်က သူ့ထက် သုံးနှစ်ငယ်၍ သူကဲ့သို့ပင် ဆရာတော်၏ အမေးများကိုဖြေတတ်သည်ဖြစ်သောကြောင့် ဆရာတော်သည် သာ၍ ပွဲကျခြင်းကိုလိုလားသည်နှင့် သူ့အစား ကျွန်ုပ်အားခေါ်လေတော့သည်။ ဤသို့သောအခြင်းအရာကို ၎င်းကျောင်းသားသည် မလိုလားနိုင်သည့်လက္ခဏာနှင့် ကျွန်ုပ်အပေါ်တွင် အကောက်ဉာဏ်ကြံဟန်တူပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး အမှတ်(၂)ခရိုင်ချင်းဆက်လမ်းမှ လမ်းပိုင်းခြောက်နေရာအား လမ်းတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်



ကျောက်ဆည် ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနမှ မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေရေး လမ်း၊ တံတားများ အသစ်တည်ဆောက်ပေးခြင်း၊ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး အမှတ်(၂) ခရိုင်ချင်းဆက်လမ်းမှ လမ်းပိုင်းခြောက်နေရာအား လမ်းတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အမှတ်(၂)ခရိုင်ချင်းဆက်လမ်း၏ မိုင်တိုင်အမှတ် ၄၈ ကီလိုမီတာမှ ၄၉ ဒသမ ၄၅ ကီလိုမီတာအတွင်းရှိ အရှည် ၁ ဒသမ ၄၅ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် ၇၁ ဒသမ ၆ ကီလိုမီတာမှ ၇၃ ကီလိုမီတာအတွင်းရှိ အရှည် ၁ ဒသမ ၄ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် ၇၃ ကီလိုမီတာမှ ၇၄ ဒသမ ၀၂၉ ကီလိုမီတာအတွင်းရှိ အရှည် ၁ ဒသမ ၀၂၉ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် ၅၀ ဒသမ ၂ ကီလိုမီတာမှ ၅၁ ကီလိုမီတာအတွင်းရှိ အရှည် သုည ဒသမ ၄ ကီလိုမီတာ၊ အကျယ် ၇ ဒသမ ၃၁ မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် ၄၆ ကီလိုမီတာမှ ၄၇ ကီလိုမီတာအတွင်းရှိ အရှည် ၁ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာမှ ၅ ဒသမ ၅ မီတာ လမ်းတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် ၇၀ ဒသမ ၂ ကီလိုမီတာမှ ၇၁ ဒသမ ၆ ကီလိုမီတာအတွင်းရှိ အရှည် ၁ ဒသမ ၄ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။

ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနအနေဖြင့် ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂဲဂလိတ်ချောင်းသစ် ရေထိန်းတံခါးဖွင့်ပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၅

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကပြုလုပ်သည့် ဂဲဂလိတ်ချောင်းသစ်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဂဲဂလိတ်ချောင်းသစ်ရေထိန်းတံခါးတည်ဆောက်ရခြင်းအကြောင်းရင်းနှင့် အကျိုးပြုမှုများကိုရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦး၊ လှည်းကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ရေထိန်းတံခါးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများက ရေထိန်းတံခါးကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ဒေသခံများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါဂဲဂလိတ်ချောင်းသစ်ရေထိန်းတံခါးသည် လှည်းကူးမြို့နယ် ဖဲခမဲကျေးရွာတွင်တည်ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ဖဲခမဲကျေးရွာအုပ်စု ကျီးကန်းသိုက်ကျေးရွာ၊ စိုင်တီကုန်းကျေးရွာနှင့် အလံတပိုကျေးရွာများရှိ တောင်သူများ၏ နွေစပါးစိုက်ဧက ၄၇၀ အား ရေပေးသွင်းနိုင်မည့်အပြင် နွေရာသီတွင်သောက်သုံးရေ၊ စိုက်ပျိုးရေများ၊ အခြားအသုံးပြုရေများ ပြတ်လပ်ခြင်းမဖြစ်ပေါ်စေရန်နှင့် မိုးရာသီမိုးများသောအချိန်တွင် လူနေအိမ်များနှင့် လယ်မြေကေများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရန် ဒေသခံများ၏ တောင်းဆိုမှုအား ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

ဝန်းရံခ

## (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ကလော ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်အားကစားကွင်းနှင့် အခြေခံပညာအထက်တန်းကျောင်းတို့၌ ယမန်နေ့နံနက် ၈ နာရီက အားကစားပြိုင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(လ-၁)ကျောင်းနှင့် မြို့နယ်အားကစားကွင်းတို့၌ အားကစားပြိုင်ပွဲများကျင်းပနေမှုကို ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးတို့က ကြည့်ရှုအားပေးပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အားကစားပြိုင်ပွဲများတွင် ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ အပြေးပြိုင်ပွဲ၊ အာလူးကောက်၊ လွန်ဆွဲ၊ ပူဖောင်းဖောက်၊ ခြေသုံးချောင်းထောက်နှင့်အပျော်တမ်းကစားနည်းများပါဝင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေဆိုင်ရာပြိုင်ပွဲများနှင့်အားကစားပြိုင်ပွဲများကျင်းပ



မင်းဘူး ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာပေဆိုင်ရာပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင်ဆုရရှိသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မင်းဘူးမြို့ ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေဆိုင်ရာပြိုင်ပွဲများအဖြစ် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ (ထက်၊ လယ်၊ မူ)အဆင့် ကျပန်း၊ စာစီစာကုံး၊ ကဗျာ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများအဖြစ် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မီတာ ၁၀၀၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲများအပြင် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများအဖြစ် ချောတိုင်တက်(ငှက်ပျောတုံး)၊ လွန်ဆွဲ၊ ခေါင်းအုံးရိုက်၊ အကျီဝတ်၊ အာလူးကောက်၊ ဂိုးသွင်း စသည့်ပြိုင်ပွဲများကို သတ်မှတ်ရက်အလိုက် ကျင်းပခဲ့ရာ ကျောင်းသားလူငယ်လေးများက ပျော်ရွှင်စွာဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများတွင် စာပေဆိုင်ရာပြိုင်ပွဲ၌ ၃၁ ဆုနှင့် အားကစားနည်းမျိုးစုံတွင် ဆုရရှိခဲ့ကြသူများအားလုံးကို မင်းဘူးခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ဖြူးမြို့နယ် မြင်ပင်ကျေးရွာ၌ ပဉ္စမအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) မှ ချေးငွေများထုတ်ချေး

ဖြူး ဇန်နဝါရီ ၅


ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြင်ပင်ကျေးရွာ၌ ပဉ္စမအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၅ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြင်ပင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေ(VRFP) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၀ ဒသမ ၄၅ သိန်းကို မြင်ပင်ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များက မြင်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၂၂ ဒသမ ၆၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၁ ဦးထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ငွေကျပ် ၄၀ ဒသမ ၄၅ သိန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၄°C |
| တီးတိန် | ၄.၈°C |
| ပူတာအို | ၅.၃°C |
| ဟဲဟိုး | ၆.၂°C |
| ပြင်ဦးလွင် | ၆.၇°C |
| နမ့်စန် (ရှမ်းပြည်တောင်ပိုင်း) | ၆.၉°C |
| မြစ်ကြီးနား | ၇°C |
| မချမ်းဘော | ၇°C |
| ပင်လောင်း | ၇.၆°C |
| လွိုင်လင် | ၇.၈°C |
| ခန္တီး | ၉.၉°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၀ | ၃၃ |
| ရှမ်း(မြောက်) | ၉ | ၂၈ |
| ရှမ်း(အရှေ့) | ၁၂ | ၂၅ |
| ရှမ်း(တောင်) | ၈ | ၂၃ |
| ချင်း | ၃ | ၁၉ |
| စစ်ကိုင်း(အထက်) | ၁၅ | ၃၀ |
| စစ်ကိုင်း(အောက်) | ၁၂ | ၂၇ |
| နေပြည်တော် | ၁၇ | ၃၂ |
| မန္တလေး | ၁၇ | ၃၀ |
| မကွေး | ၁၆ | ၃၂ |
| ရခိုင် | ၁၂ | ၃၀ |
| ပဲခူး | ၁၅ | ၃၀ |
| ရန်ကုန် | ၁၈ | ၃၂ |
| ဧရာဝတီ | ၁၅ | ၃၁ |
| ကယား | ၆ | ၂၅ |
| ကရင် | ၁၄ | ၂၉ |
| မွန် | ၁၈ | ၃၃ |
| တနင်္သာရီ | ၁၈ | ၃၂ |

# (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှော်ကထားကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ဖွင့်လှစ်



လေးမျက်နှာ ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှော်ကထားကျေးရွာအုပ်စု လှော်ကထားကျေးရွာ၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်က အဆိုပါကျေးရွာ မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြတ်က စီမံကိန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဗိုလ်မှူးသိန်းထိုက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၃) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် အတွင်းရေးမှူး ရဲမှူးတင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။

လှော်ကထားကျေးရွာ၌ ဆောင်ရွက်သော ကျေးရွာတွင်း ကွန်ကရစ်လမ်းသည် အရှည်ပေ ၇၅၀၊ အကျယ် ၈ ပေ၊ ထု ၆ လက်မရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သုံးသိန်း စုစုပေါင်း ငွေကျပ် ၁၈ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများပံ့ပိုး၍ ကျေးရွာပြည်သူများကိုယ်တိုင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**

# သီလဝါအိမ်ရာရှိလက်ကျန်အခန်းများကို အတိုးနှုန်းသက်သာသော အိမ်ရာချေးငွေဖြင့် ဇန်နဝါရီလအတွင်း ရောင်းချပေးမည်

ရန်ကုန် ဇန်နဝါရီ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်သော ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါအိမ်ရာတွင်ကျန်ရှိသည့် ခြောက်ခန်းတွဲ ငါးထပ် ၆၁ ခန်း၊ ရှစ်ခန်းတွဲ ငါးထပ် ၂၇ ခန်း စုစုပေါင်း ၈၈ ခန်းအား အတိုးနှုန်းသက်သာသော ချေးငွေစနစ်ဖြင့်ချိတ်ဆက်၍ ဇန်နဝါရီလအတွင်း ရောင်းချပေးမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ဆောက်လုပ်ရေး အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank)၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ အိမ်ရာစုဆောင်းငွေ ငွေကျပ်သိန်း ၃၀ အထက်ပြည့်မီအောင် စုဆောင်းထားသူ ၁၈၉၁ ဦး စာရင်းတွင်ပါဝင်သူများသည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ DUHD Sale Housing Facebook Page Messenger မှတစ်ဆင့် စာရင်းပေးသွင်းလျှောက်ထားနိုင်သည်။

Messenger မှတစ်ဆင့် အမည်စာရင်းလက်ခံခြင်းကို ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်အတွင်း နံနက် ၉ နာရီခွဲမှညနေ ၄ နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းလျှောက်ထားသူများအနက် ရောင်းချပေးနိုင်သည့်အခန်းအရေအတွက်အရ CHID Bank ၏ တန်းစီဇယားအစောဆုံးအမှတ်စဉ် ၈၈ ဦးအား မဲနှိုက်ခွင့်ပြုမည်ဖြစ်ပြီး အခန်းမဲနှိုက်ပေးခြင်းကို ဇန်နဝါရီလ ၂၈ ရက်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်တင်**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက်သစ်ဆောက်လုပ်ခြင်းနှင့် စာကြည့်တိုက်အဟောင်းပြုပြင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏မတည်ငွေဖြင့် ဆောက်လုပ်ခဲ့သည့် လယ်ယားတောင်ကျေးရွာအုပ်စု တောင်ခြေကျေးရွာ စာကြည့်တိုက်သစ်ဆောက်လုပ်ခြင်းနှင့် လက်ပံပင်ကျေးရွာအုပ်စု ဝါးရုံကုန်းရွာသစ်ကျေးရွာစာကြည့်တိုက်အဟောင်းပြုပြင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏မတည်ငွေ ငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီမှ အနီးကပ် ကြီးကြပ်၍ လယ်ယားတောင်ကျေးရွာအုပ်စု တောင်ခြေကျေးရွာ၌ စာကြည့်တိုက်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၈ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး မတည်ငွေ ငွေကျပ် သိန်း ၅၀ ဖြင့် လက်ပံပင်ကျေးရွာအုပ်စု ဝါးရုံကုန်းရွာသစ်ကျေးရွာ စာကြည့်တိုက် အဟောင်းပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါစာကြည့်တိုက်သစ်ဆောက်လုပ်ခြင်းနှင့် စာကြည့်တိုက်အဟောင်းပြုပြင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါစာကြည့်တိုက်များတွင် ဗီရို၊ စားပွဲ၊ ထိုင်ခုံ၊ စာအုပ်စင် စသည့်ပရိဘောဂများပါ ထည့်သွင်းထားပြီး လိုအပ်သည့်သုတ၊ ရသစာအုပ်စာစောင်များ ဝယ်ယူခြင်းကို မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

**ယမန်နေ့မှအဆက်**

၂၂။ ဘဒ္ဒန္တဇောတိက၊ တောင်ပယကျောင်းတိုက်၊ တောင်ပယကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ခေမာသီဝံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ရွှေပြည်သာရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မဇောပြင်ကြီးကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တပါလိတ၊ မြို့မသီဟနာဒစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၂၆။ ဘဒ္ဒန္တပညာသီရိ၊ ဂုဏ်မင်းအိုင်အေးငြိမ်းချမ်းသာ သဘာဝတရားရိပ်သာ၊ ဂုဏ်မင်းအိုင်ကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၂၇။ ဘဒ္ဒန္တဝါယမ၊ မှန်ပြတောင်ဘုန်းတော်ကြီးကျောင်း၊ (၆)မိုင်ကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၂၈။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မပါလကျောင်းတိုက်၊ ရှားစေးဖိုကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၂၉။ ဘဒ္ဒန္တဇာဂရ၊ ရတနာမာရ်အောင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဆည်စုကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်
၃၀။ ဘဒ္ဒန္တပညာသာမိ၊ ရွှေကြာပျိုးခင်း အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ရွှေကျကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၃၁။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကိုးဆောင်ကျောင်းတိုက်၊ ထုံးဘိုကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တနေမိန္ဒာလင်္ကာရ၊ ဓမ္မပါလဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေကြီးပင်ကွက်သစ်၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တဝေပုလ္လ၊ အမှတ်(၁၆)ငါးကြီးအင်း ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ငါးကြီးအင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တဇောတိက၊ ရွှေဘုံသာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကျိုက်စကောကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တဝိမလ၊ မေတ္တာဥယျာဉ် (ပဏ္ဍိတာရာမမြတောင်) ရှင်သာမဏေပြုစုပျိုးထောင်ရေးနှင့် မိဘမဲ့ကလေးစောင့်ရှောက်ရေး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တဓမ္မပါလ၊ ပစ္ဆိမရာမ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ရပ်ကွက်ကြီး(၈)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃၇။ ဘဒ္ဒန္တဇဝန၊ ထန်းကောက်ကျောင်းတိုက်၊ ထန်းကောက်ကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တနန္ဒောဘာသ၊ မတောင့်တဘုန်းတော်ကြီးကျောင်းတိုက်၊ ရွှေအိုး(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၃၉။ ဘဒ္ဒန္တသောမ၊ သာသနပါလကျောင်းတိုက်၊ ရွာသာကြီးကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၄၀။ ဘဒ္ဒန္တသီလာစာရ၊ စေတော်ဝင်တောရကျောင်းတိုက်၊ အမှတ် (၁)ရပ်ကွက်၊ စေတုတ္တရာမြို့၊ မကွေးတိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တတေဇ၊ သာသနာနုဂ္ဂဟ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မြောက်ရှားတောကျေးရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တသြသဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပနီဆုံကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၄၃။ ဘဒ္ဒန္တဝရဒီပ၊ ရွှေရန်ကင်းကျောင်းတိုက်၊ ဥယျာဉ်တော်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၄။ ဘဒ္ဒန္တသုမနဉာဏ၊ ဂိုဏ်းထောက်ကျောင်းတိုက်၊ ဆည်တိုကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၅။ ဘဒ္ဒန္တဝိစာရ၊ မဟာဝိဇယကျောင်းတိုက်၊ မဟာမြိုင် (၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၆။ ဘဒ္ဒန္တကောဝိဒ၊ မင်္ဂလာရာမ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ သဲချောင်းကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၇။ ဘဒ္ဒန္တဇောတိပါလ၊ ဘုရားဖြူဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ စာတိုးကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၈။ ဘဒ္ဒန္တနန္ဒ၊ ဥသျှစ်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၉။ ဘဒ္ဒန္တအာစာရ၊ ရတနာသိဒ္ဓိကျောင်းတိုက်၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅၀။ ဘဒ္ဒန္တမာနိတ၊ ပတ္တမြားဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အောင်နီလာ (၂) ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၅၁။ ဘဒ္ဒန္တဇနက၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်၊ ရွာကြီးကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅၂။ ဘဒ္ဒန္တသောဘဏ၊ ဗုဒ္ဓဆာယာ(ပရဟိတ)ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရေထွက်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅၃။ ဘဒ္ဒန္တပညာသာမိ၊ သာသနဂုဏ်ဆောင်မေတ္တာရောင်ကျောင်းတိုက်၊ ဖျောက်ဆိပ်ကုန်းကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅၄။ ဘဒ္ဒန္တစန္ဒိမာ၊ ရဲသောင်ကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၅၅။ ဘဒ္ဒန္တနန္ဒမာလာ၊ စောင်နိုင်ကြီးကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၅၆။ ဘဒ္ဒန္တသြဘာသ၊ အောင်သိဒ္ဓိရှင်ကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၅၇။ ဘဒ္ဒန္တရေဝတ၊ မဲပျော့ဝကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၅၈။ ဘဒ္ဒန္တတိလောက၊ မဲရုံကြီးကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၅၉။ ဘဒ္ဒန္တသြဘာသ၊ ဝင်းစိန်တောရကျောင်းခွဲ၊ ခပ်ရခပ်ယူကျောင်းတိုက်၊ လက်တက်ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၆၀။ ဘဒ္ဒန္တစာရိန္ဒ၊ ကျောက်တန်းကျောင်းဟောင်းကျောင်းတိုက်၊ ကျောက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၆၁။ ဘဒ္ဒန္တပညာသီရိ၊ မြို့ဦးတောင်ပေါ်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဂွမြို့၊ ရခိုင်ပြည်နယ်
၆၂။ ဘဒ္ဒန္တဒေဝိန္ဒာလင်္ကာရ၊ မဇ္ဈိမပတ္တမြားရတနာကျောင်းတိုက်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၃။ ဘဒ္ဒန္တနန္ဒမာလာသီရိ၊ မြရောင်ခြည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငြိမ်းချမ်းသာယာကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၄။ ဘဒ္ဒန္တစန္ဒသူရိယ၊ မူလပဋ္ဌာန်းကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၅။ ဘဒ္ဒန္တသစ္စပဏ္ဍိတ၊ မင်္ဂလာသီရိမြန်မာကမ္ဘောဒီးယားပရိယတ္တိစာသင်တိုက်၊ အမှတ်(၂၁)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၆။ ဘဒ္ဒန္တမဏ္ဍလ၊ မြင်းမူကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၇။ ဘဒ္ဒန္တဉာဏိဿရ၊ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၈။ ဘဒ္ဒန္တကုသလ၊ ဝိမုတ္တိဉာဏဓမ္မရိပ်သာကျောင်းတိုက်၊ ပိန္နဲကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၉။ ဘဒ္ဒန္တသူရိန္ဒဓဇ၊ မင်္ဂလာဦးပရိယတ္တိစာသင်တိုက်၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်
၇၀။ ဘဒ္ဒန္တနရိန္ဒ၊ မိုးဦးကျောင်းတိုက်၊ မိုးဦးကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်
၇၁။ ဘဒ္ဒန္တအဂ္ဂဝံသ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်
၇၂။ ဘဒ္ဒန္တသုစိတ္တ၊ နောင်မွန်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကံသာဦးရပ်၊ နောင်မွန်စံပြကျေးရွာ၊ ဆီဆိုင်မြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်
၇၃။ ဘဒ္ဒန္တပဏ္ဍိတ၊ နယ်စပ်ဒေသပရိယတ္တိ ပဋိပတ္တိသာသနာပြု ပဏ္ဍိတာရာမနမ့်ပွန်းကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်
၇၄။ ဘဒ္ဒန္တဝိမလ၊ ပန်းခင်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်(၃၀)ကျေးရွာ၊ မိုင်းပျဉ်းမြို့နယ်၊ ရှမ်းပြည်နယ်
၇၅။ ဘဒ္ဒန္တနန္ဒန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နောင်ဆုံ(၂)ကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်
၇၆။ ဘဒ္ဒန္တသူရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းကန်ကျေးရွာ၊ မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်
၇၇။ ဘဒ္ဒန္တသုမနသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စပ်ပလောက်ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်
၇၈။ ဘဒ္ဒန္တဥတ္တမသာရ၊ အေးဝင်္ကဘာကျောင်းတိုက်၊ အရှေ့ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၉။ ဘဒ္ဒန္တသြသဓ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ တကုန်းကြီးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၈၀။ ဘဒ္ဒန္တမုနိန္ဒ၊ သီရိမင်္ဂလာကျယ်ဂေါင်ကျောင်းတိုက်၊ ကျယ်ဂေါင်မြို့၊ ရွှေလီမြို့နယ်၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၈၁။ ဘဒ္ဒန္တပညာစက္က၊ ဝပ်ဆိုင်းမွန်မြန်မာကျောင်းတိုက်၊ ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ
၈၂။ Dr.Ven Nandaratan, သီရိလင်္ကာဗုဒ္ဓဝိဟာရကျောင်းတိုက်၊ ဗုဒ္ဓနာဂရိရပ်ကွက်၊ ကုသိနာရုံမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ
၈၃။ Dr.Ven Dhammaratana, Chinese Buddhist Temple, Nalanda, Bihar, အိန္ဒိယနိုင်ငံ

### သီလရှင်ဆရာကြီးများ

၈၄။ ဒေါ်ပညာသိရီ၊ သီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ သီရိဟေမာသီလရှင်စာသင်တိုက်၊ အမှတ် (၉) ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၈၅။ ဒေါ်အကိုံရဝတီ၊ သကျဓီတာသီလရှင်ကျောင်းတိုက်၊ အလယ်ကုန်းရပ်ကွက်၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၈၆။ ဒေါ်ဟိတကာရီ၊ ရွှေမောင်းမဏိရတနာဦးသီလရှင်စာသင်တိုက်၊ သပြေရိုးကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈၇။ ဒေါ်ကုလန္ဒစာရီ၊ ပဥ္စဂီရိချမ်းမြေ့စည် လောကီလောကုတ္တရာပညာသင်ကြားရေးသီလရှင်ကျောင်း၊ လိပ်အင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်
၈၈။ ဒေါ်ပညာဝတီ၊ ပညာသိဂီသီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### လှူပုဂ္ဂိုလ်များ

၈၉။ ဦးငွေသိဏ်းဝင်း၊ အမှတ်(၂၈၅)၊ ဇေယျာ(၅)၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၉၀။ ဒေါက်တာကျော်ဇင်ဦး၊ ခရိုင်ပြည်သူ့ဆေးရုံ၊ ဝန်ထမ်းအိမ်ရာ၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

**စာမျက်နှာ ၈ သို့ ●**

● စာမျက်နှာ ၇ မှအဆက်

၉၁။ ဦးအောင်နိုင်စိုး၊ တိုက်အမှတ်(၉)၊ မြရည်နန္ဒာတိုက်ခန်း၊ (၁၁၇-ဒီ)လမ်း၊ ၄၅ × ၄၆ လမ်းကြား၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉၂။ ဦးကျော်စိုး၊ အခန်း(၀၀၅)၊ တိုက်အမှတ်(၂)၊ ကျီတော်အိမ်ရာ၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၃။ ဒေါ်မြင့်မြင့်အေး၊ အမှတ်(၁၈)၊ စျေးချိုလမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၄။ ဒေါက်တာလင်းဆိုင်၊ ပန်လင်းဆိုင်ကျေးရွာ၊ နမ့်စန်မြို့နယ်၊ ရှမ်းပြည်နယ်

## ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်

၉၅။ Ms YOSHIDA IKUKO, အမှတ် ၄-၃၂-၄ (၈၀၁)၊ ရှင်ဂျူကုမြို့နယ်၊ တိုကျိုမြို့တော်၊ ဂျပန်နိုင်ငံ

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောသလညာဏ၊ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာ၊ ကန်ချောင်အုပ်စု၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါက်တာဘဒ္ဒန္တကုလာနန္ဒာဘိဝံသ၊ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြို့မ(၁)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသီလာစာရ၊ ကျိုက်ဒေးယျုံကျောင်းတိုက်၊ ပျဉ်ထောင်ကျေးရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဓမ္မသာမိ၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကစ္စာယန၊ စံပယ်ရုံမိုးကုတ်ဝိပဿနာရိပ်သာ၊ မာရ်အောင်ကျောင်းတိုက်၊ ပြည်ကြီး မျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တကုမုဒ၊ ရွှေသစ္စာတောရ၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ အင်းကန်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါက်တာဘဒ္ဒန္တနန္ဒဝံသ၊ ဇနိတာရာမမိုးကုတ်ရိပ်သာ၊ စိန်ရွှေကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဓမ္မသုခတောရဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ လွယ်လုံကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၁၀။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

## မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုန္ဒရ၊ ဝံသရက္ခိတမိုးကုတ်ရိပ်သာ၊ ဗလပ်စုံကျောင်းတိုက်၊ အတွင်းရှမ်းချောင်းကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တသောဘဏ၊ သီတာမြိုင်တောရထာဝရရိပ်သာကျောင်းတိုက်၊ မှုတ်ရှည်အုပ်စု၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တတေဇောဘာသ၊ သိဒ္ဓိလာဘမိုးကုတ်ဝိပဿနာကျောင်းတိုက်၊ ကရင်စုရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တနာယက၊ အောင်တော်မူတောရဓမ္မရိပ်သာကျောင်းတိုက်၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဓမ္မပီယ၊ ငါးဆင့်အရှေ့ကျောင်းတိုက်၊ ရွှေအိုး(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဓမ္မသာရ၊ မိုးကုတ်ရိပ်သာအဖွဲ့ခွဲအမှတ်(၂၉၅) ခနုတ်ကျောင်းတိုက်၊ ခနုတ်စံပြကျေးရွာ၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဝိစိတ္တ၊ ရွှေဓမ္မရိပ်ငြိမ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ပေါင်းကူးဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဇာဂရိယ၊ ရွှေခြံဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသောဘန၊ ဓမ္မအောင်စည်သာသနာ့ရိပ်သာ၊ အမှတ်(၁၉/၄၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တတေဇဓမ္မ၊ မေတ္တာမဏ္ဍိုင်ကျောင်းတိုက်၊ အမှတ်(၁၄၀)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိမလ၊ အောင်မင်္ဂလာဓမ္မရိပ်သာကျောင်းတိုက်၊ ထိန်ကုန်းကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

## ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇာနန္ဒ၊ မင်္ဂလာတောရမဟာစည်ရိပ်သာကျောင်းတိုက်၊ မင်္ဂလာကုန်းကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တဓမ္မဓဇ၊ သစ္စာတံခွန်မိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဂန္ဓမာစာရ၊ ရတနာမြိုင်ရိပ်သာကျောင်းတိုက်၊ ငွေပုလဲရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တစန္ဒိမာ၊ ရန်အောင်မြင်တောရ (မြို့တော်ဝန်)ကျောင်းတိုက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၅။ ဘဒ္ဒန္တဝိမလ၊ ပြည်တော်အေးဓမ္မရိပ်သာကျောင်းတိုက်၊ သရက်ချဉ်ပေါက်ကုန်းကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တထေရာနန္ဒ၊ ဓမ္မလမင်းမိုးကုတ်ရိပ်သာကျောင်းတိုက်၊ ကြခတ်ဝါးရုံကျေးရွာ၊ နတ္တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တသာသန၊ ထူပါရုံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မောင်းတိုင် (၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တပုညာ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ ရွှေတောင်တိုက်သစ်ကျောင်းတိုက်၊ စက်မှုဇုန်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၉။ ဒေါက်တာဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရာဘိဝံသ၊ ပေါင်လောင်လေးရွာဦးကျောင်းတိုက်၊ ပေါင်လောင်လေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တစန္ဒာဝရ၊ ညောင်လွန့်ဓမ္မရိပ်သာကျောင်း၊ ထုံးဘိုတောရတိုက်၊ ပေါက်ချောင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိသာရဒ၊ အောင်သိဒ္ဓိကျောင်းတိုက်၊ ရွှေပြည်ရန်နိုင်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တတိဿ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ သာယာကုန်းရပ်ကွက်၊ သိမ်ဇရပ်မြို့၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တခန္တိဝရ၊ ဝေဠုဝန်သာသနာ့ရိပ်သာကျောင်းတိုက်၊ သပိတ်ကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါက်တာဘဒ္ဒန္တဝိသိဋ္ဌ၊ ရတနာမြိုင်ကျောင်းတိုက်၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်(တိုက်ခွဲ)၊ အမှတ်(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဟိတေသက၊ ဇမ္ဗူရာဇ်ရွှေစဉ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသုန္ဒရ၊ သဟပုညကာရီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တပညာဝံသ၊ သာသနာ့အောင်လံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ လယ်တီမူရိပ်သာကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဝိလာသ၊ ဓမ္မရုံသီရိပ်သာကျောင်း၊ ကျားပျံကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၀။ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာ၊ ရေကြည်ကုန်းကျောင်းတိုက်၊ ငါးဖားကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဃောသိတ၊ လိပ်ဥကုန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အမှတ်(၁၈)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးကျော်ဇေယျ၊ No.PSHM ( 3 )၊ တစ်ဧကအထူးမြေကွက်၊ ရာဇသင်္ဂဟလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၂။ ဦးဘရန်မိုင်၊ အမှတ်(၁၆၂)၊ ၂၂ လမ်းနှင့် ၈၂ လမ်းထောင့်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးကျော်ဖေ၊ အမှတ်(၁၁)၊ မနော်ဟရီလမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးမြင့်စိုးထွန်း၊ အမှတ်(၆၈)၊ လှိုင်မြင့်မိုရ်(၂)လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီရိသုဓမ္မသီဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်ဝါဝါလှိုင်၊ အမှတ်(ဒ-၃၁၉၃၅)၊ အာသာဝတီ(၆)လမ်း၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂။ ဒေါ်မူမူစန်း၊ အမှတ်(၈၂၉/၈၃၀)၊ ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဒေါ်မြင့်မြင့်ရီ၊ အမှတ်(၃၂)၊ (၁၁၅)လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းထောင့်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်အေးမြင့်(ခ) Lim Pou Kin၊ အမှတ်(၁၃၀၁)၊ တာဝါ-အေ၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်လှဝင်း၊ အမှတ်(၂၁-ဒီ)၊ သုခဝတီလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်ချောစုမြတ်၊ အမှတ်(၄၄)၊ ဆရာစံလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးကုဋေကျော်၊ (A-454)၊ မြမေတ္တာလမ်း၊ ထန်းတပင်(VIP)ရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂။ ဦးအောင်စေသော်၊ အမှတ်(၉၀၁)၊ Crystal Tower, ကျွန်းတောလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးမျိုးဝင်းညွန့်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဦးတင်လှိုင်၊ အမှတ်(၅/၈)၊ ဗိုလ်ချုပ်လမ်းမကြီး၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

## သီဟသုဓမ္မသီဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်ခင်ဝင်းမာ၊ အမှတ်(၄၂)၊ ကင်ပွန်းခြံလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဒေါ်ဇာခြည်ဝင်း၊ အမှတ်(ဒ-၃/၅၅)၊ (၆၃) လမ်း၊ ၃၇ × ၃၈ လမ်းကြား၊ မဟာမြိုင်အပိုင်း(၂)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်အိအိထွေး၊ အမှတ်(၁၁၀)၊ ကျိုက္ခမီလမ်း၊ ရခိုင်ကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၄။ ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်ဘုတ်ဆုံ၊ အမှတ်(၁၀/ဘီ)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်ဖြူဖြူလွင်၊ အမှတ်(ဘီ-၁၀၇)၊ အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၉ သို့ ●

● စာမျက်နှာ ၈ မှအဆက်

၆။ ဒေါ်သန္တာစံ(ခ)ဒေါ်သန္တာစန်း၊ အမှတ်(၅/၇၁)၊ အောင်တေဇလမ်း၊ ကုန်းမြင့်ရိပ်သာ၊ အမှတ်(၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဦးအောင်လင်းနိုင်၊ အမှတ်(၁၂) လမ်းမတော်၊ မြင်းဘက်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးတင်အောင်မိုး၊ အမှတ်(၇)၊ သံဃတက္ကသိုလ်လမ်း၊ အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးဇော်မိုးအောင်(ခ)မဂ္ဂုသန်း၊ အမှတ်(၂၅၉)၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဒေါက်တာသန်းထွန်းဦး၊ အမှတ်(၄၅)၊ (၁၄)လမ်း၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဦးချမ်းကျော်ကျော်ပိုင်၊ အမှတ်(၁၁၁)၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါ်မြတင်၊ အမှတ်(၃/၄၆၀)၊ မဲဘောင်ကျောင်းလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၂။ ဒေါ်သန်းသန်းဌေး(ခ)ဒေါ်ခင်တာ၊ အမှတ်(၁)၊ တမာတန်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး
၃။ ဒေါ်မေသိန်း၊ လမ်း(၈၀)၊ ၉ x ၁၀လမ်းကြား၊ သူရဲဈေးရပ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်ဝင်းကြည်၊ ဖျောက်ဆိပ်ကုန်းသံရည်ကျိုရပ်၊ နတ်ရေကန်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်ကြည်ကြည်မြင့်၊ အမှတ်(၄၃-င)၊ (၂၂)လမ်း၊ ၈၉ x ၉၀ လမ်းကြား၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်နီလာခင်၊ တတ-၁၂၊ အမှတ်(၇၃)၊ ၆၃(B)လမ်း၊ ၁၂၅ x ၁၂၆ လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်ဝေဝေနှင်း၊ အမှတ်(၂၅-က)၊ ဆိုင်းတန်းရပ်၊ (၂၆)လမ်း၊ ၈၈ x ၈၉ လမ်းကြား၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဒေါ်ဝင်းဝင်းဌေး၊ အမှတ်(၈၅၄)၊ (၁၀၄)လမ်း၊ ၇၈ x ၈၂ လမ်းကြား၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါ်ဝါဝါထိန်၊ (၇၈)လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါ်သန်းသန်းကြည်၊ အမှတ် - ၁၃၅ (A-3)၊ သံလွင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဒေါ်ခင်ပြည့်ပြည့်ဖြိုး၊ အမှတ်(၇၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဒေါ်ချိုလဲ့ယဉ်ဝင်း၊ အမှတ်(၁၄၀)၊ ဗိုလ်ဗထူးလမ်း၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မှော်ဘီမြို့နယ်၌လမ်းဖွင့်ပွဲများကျင်းပ



ရန်ကုန် ဇန်နဝါရီ ၅

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က မှော်ဘီမြို့နယ်၌ လမ်းဖွင့်ပွဲအခမ်းအနားများကို သတ်မှတ်နေရာများ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနှင့် ပြည်သူများထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်သည့်သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာတွင်းလမ်းသစ်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်းက ကွန်ကရစ်လမ်းသစ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ထိန်စွန်းကျေးရွာကွန်ကရစ်လမ်းကော်မတီဝင် ဦးရဲဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၇၆၆၃ ပေ၊ ထု ၆ လက်မ၊ အကျယ် ၁၀ ပေရှိပြီး ကျေးရွာနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်းနှင့် ၎င်းလမ်းအား သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ မှော်ဘီမြို့နယ် မြောက်ချောကုန်း-ရွှေစီးယင်းကျေးရွာချင်းဆက်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်က ကွန်ကရစ်လမ်းသစ်များနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး မြောက်ချောကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဒေါ်အေးအေးပိုင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကွန်ကရစ်လမ်း အရှည် ပေ ၇၀၀၀၊ ထု ၇ လက်မ၊ အကျယ် ၁၂ ပေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး ဝန်ကြီး ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူး ဦးသက်ဇော်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်းနှင့် အဆိုပါလမ်းသစ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇.၄ | / | ၃၂.၄ |
| ရန်ကုန် | ၁၈.၄ | / | ၃၂.၄ |
| မန္တလေး | ၁၇.၄ | / | ၃၁.၄ |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၆-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၈၅ | ၃၁၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၁၀၅ | ၃၁၂၀ | ၃၁၃၅ | ၃၀၅၅ | ၄၅၀၅ | ၃၃၅၀ | ၃၀၇၅ | ၃၀၇၅ | ၃၁၄၅ | ၃၁၁၀ | ၃၁၃၀ | ၃၃၉၀ | ၃၉၀၀ |
| 95 Ron | ၃၀၉၅ | ၃၂၀၅ | ၃၁၇၅ | ၃၁၀၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၅၆၀ | ၃၄၅၅ | ၃၁၈၀ | ၃၁၈၅ | ၃၂၅၀ | ၃၂၁၅ | ၃၂၄၀ | ၃၄၉၅ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၈၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | ၄၈၃၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |
| HSD (10 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | - | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၆ | ၂၉၀၆ |
| 95 Ron | ၂၉၂၀ | ၃၀၁၂ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၄၆ | ၃၁၃၇ |
| HSD (10 ppm) | ၃၀၄၆ | ၃၁၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၁၀၃၇၇၃၊ ၀၉-၂၅၆၆၂၅၆၇၇
၀၆၇-၃၁၀၂၈၂၊ ၀၉-၇၇၅၉၈၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ယမန်နေ့မှအဆက်**

| | | | |
|---|---|---|---|
| ၅။ | ဦးအောင်မြင့်ထွန်း | အလုပ်ရုံမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၆။ | ဦးလှဦး | အလုပ်ရုံမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၇။ | ဦးအေးလွင် | အလုပ်ရုံမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၈။ | ဦးဖေသန်းလွင် | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၉။ | ဦးဟိန်းလင်းစံ | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၀။ | ဦးတင်ငွေအောင် | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၁။ | ဦးအောင်ဗိုလ် | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၂။ | ဒေါ်သန်းသန်းနွယ် | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၃။ | ဦးကျော်သူ | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၄။ | ဦးသက်မောင်ဦး | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၅။ | ဦးအေးကိုဇံ | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၆။ | ဦးမြင့်ထွန်းအောင် | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၁၇။ | ဦးတင်မောင်ရွှေ | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၁၈။ | ဦးထူးအိမ်လွင် | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၁၉။ | ဦးသူရမောင် | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၂၀။ | ဦးစိုးမိုးအောင် | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၂၁။ | ဦးထက်ကောင်း | လက်ထောက်မန်နေဂျာ | စွမ်းအင်ဝန်ကြီးဌာန |
| ၂၂။ | ဦးနိုင်မျိုးလွင် | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၂၃။ | ဦးတင်ထွေး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၂၄။ | ဦးအေးမင်းနိုင် | အလုပ်ရုံခွဲမှူး (စီမံရေး) | စွမ်းအင်ဝန်ကြီးဌာန |
| ၂၅။ | ဦးဇော်မင်းဦး | လျှပ်စစ်ကျွမ်းကျင်(၁) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၆။ | ဦးရဲဇော်ထွန်း | လျှပ်စစ်ကျွမ်းကျင်(၁) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၇။ | ဦးအောင်မြင့်စိုး | လျှပ်စစ်ကျွမ်းကျင်(၁) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၈။ | ဒေါ်နှင်းဟေမာန် | ဒုတိယဦးစီးမှူး (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၉။ | ဦးဖွဲ့မာန်ရှိန် | ဒုတိယဦးစီးမှူး (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၀။ | ဦးကျော်ဝင်းစိုး | ဒုတိယဦးစီးမှူး (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၁။ | ဦးကျော်စွာ | လျှပ်စစ်ကျွမ်းကျင်(၂) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၂။ | ဦးလုမ်ထွန်းလင်း | လျှပ်စစ်ကျွမ်းကျင်(၂) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၃။ | ဦးမင်းဟန်ကို | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၄။ | ဦးထင်လင်းဇော် | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၅။ | ဦးစိုင်းသန်းရွှေ | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၆။ | ဦးသန်းနိုင် | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၇။ | ဒေါ်ခင်ခင်မြင့် | အကြီးတန်းစာရေး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၈။ | ဒေါ်သန်းသန်းကြွယ် | စာရင်းကိုင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၉။ | ဦးတိုးနိုင် | ရေယာဉ်အုပ်(၄) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၄၀။ | ဦးဖိုးဇော် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၁။ | ဦးဇော်လင်းထွန်း | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၂။ | ဦးကျော်မင်းထွန်း | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၃။ | ဦးစိုင်းဇော်ရွှေ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၄။ | ဦးစိုးမိုးကျော် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၅။ | ဦးကျော်မောင်မောင်ကျော် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၆။ | ဒေါ်နှင်းဝေလွင် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၇။ | ဦးဖြိုးပြည့်စုံ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၈။ | ဦးစိုးမင်းထိုက် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၉။ | ဦးဇော်လင်းအောင် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၀။ | ဦးအောင်ကျော်ထူး | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၁။ | ဦးငြိမ်းဝင်းထွန်း | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၂။ | ဦးသိန်းသန်းငွေ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၃။ | ဦးဝင်းယုအောင် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၄။ | ဦးချစ်သက်အောင် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၅။ | ဒေါ်သန္တာငွေ | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၆။ | ဒေါ်ဇင်သီတာထွန်း | ပစ္စည်းထိန်း(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၇။ | ဦးကျော်နိုင်စိုး | ပစ္စည်းထိန်း(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၈။ | ဦးမြင့်စိုး | ရေကြောင်းပြ(ပ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၅၉။ | ဦးပြည့်စုံအောင် | တက်မကိုင်-၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၆၀။ | ဦးအောင်မျိုးဇော် | လျှပ်စစ်ကျွမ်းကျင်(၅) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၁။ | ဦးမျိုးကျော် | လျှပ်စစ်ကျွမ်းကျင်(၅) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၂။ | ဦးစိုင်းကိုကို | လျှပ်စစ်ကျွမ်းကျင်(၅) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၃။ | ဦးအေးမင်းဦး | လျှပ်စစ်ကျွမ်းကျင်(၅) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၄။ | ဦးဝေဖြိုးနိုင် | လျှပ်စစ်ကျွမ်းကျင်(၅) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၅။ | ဦးဝင်းနိုင် | သင်္ဘောသားအကူ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၆။ | ဦးထွန်းထွန်းသိန်း | သင်္ဘောသားအကူ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၇။ | ဦးကျော်ဆန်းသန်း | လုပ်သား | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၈။ | ဒေါ်ဇင်မျိုးသူ | လုပ်သား | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၉။ | ဦးထွန်းလင်းဝင်း | လုပ်သား | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၇၀။ | ဦးတင့်နိုင်ဝင်း | လုပ်သား | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၇၁။ | ဦးအောင်ညွန့် | လုပ်သား | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၇၂။ | ဦးညီညီစိုးဝေ | လုပ်သား | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၇၃။ | ဦးချိုဝင်း | ဒုတိယစက်ရုံမှူး(စီမံရေး)(ငြိမ်း) | စွမ်းအင်ဝန်ကြီးဌာန |
| ၇၄။ | ဦးဘိုနီ | ဒုတိယစက်ရုံမှူး(စီမံရေး)(ငြိမ်း) | စွမ်းအင်ဝန်ကြီးဌာန |
| ၇၅။ | ဦးစံလင်း | လက်ထောက်စက်ရုံမှူး (ကုန်ထုတ်)(ငြိမ်း) | စွမ်းအင်ဝန်ကြီးဌာန |
| ၇၆။ | ဒေါ်စိန်ဝင်း | အလုပ်ရုံမှူး(အမျိုးအစား)(ငြိမ်း) | စွမ်းအင်ဝန်ကြီးဌာန |
| ၇၇။ | ဦးဆလိုင်းထွန်းသိန်း | အလုပ်ရုံမှူး(ကုန်ထုတ်)(ငြိမ်း) | စွမ်းအင်ဝန်ကြီးဌာန |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**

**ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဆရာတော်ဒေါက်တာ ဘဒ္ဒန္တပညိန္ဒ | ဥက္ကဋ္ဌ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၂။ | ဒေါက်တာအောင်ချစ် | ဒုတိယဥက္ကဋ္ဌ(၁) မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၃။ | ဒေါက်တာပြေငြိမ်း | ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

**ဝိဇ္ဇာပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးတင်အောင်ထွန်း | ညွှန်ကြားရေးမှူး(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

**ဆေးပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | ကျော်ဇေယျ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် | စောရန်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးချုပ် | ခင်အောင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးကြီး | ဒေါ်တင်မိုးမြ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်မှူးကြီး | ဒေါ်ခင်ဖြူပြာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီး | ဒေါ်ယုအေးလတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူးကြီး | စိုးမိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်မှူးကြီး | သက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူးကြီး | ရန်နောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး | သူရိန်ကျော်မြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ပါမောက္ခ | ဒေါက်တာသန်းလွင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး | ခင်မောင်မောင်သန်း(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်မှူးကြီး | ကျော်စိုးထွန်း(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |

**ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ပါမောက္ခဒေါက်တာကျော်စိုးကျော် | ပါမောက္ခ/ ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ | ပါမောက္ခဒေါက်တာဝင်းဝင်းလှိုင် | ပါမောက္ခ/ ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ | ပါမောက္ခဒေါက်တာဝင်းဝင်းကျော် | ပါမောက္ခ/ ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ | ပါမောက္ခဒေါက်တာမူမူနိုင် | ပါမောက္ခ/ ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ပါမောက္ခဒေါက်တာအေးအေးကြီး | ပါမောက္ခ/ ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ပါမောက္ခဒေါက်တာခင်သီတာထွဋ် | ပါမောက္ခ/ ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ပါမောက္ခဒေါက်တာစိုင်းအောင်ညွန့်ဦး | ပါမောက္ခ/ ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ပါမောက္ခဒေါက်တာလမင်းဝင်း | ပါမောက္ခ/ ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ပါမောက္ခဒေါက်တာခင်ရှုပါကို | ပါမောက္ခ | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ပါမောက္ခဒေါက်တာသဇင်သန်း | ပါမောက္ခ | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ | ပါမောက္ခဒေါက်တာခိုင်ရွှေဝါပွင့် | ပါမောက္ခ | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂။ | ပါမောက္ခဒေါက်တာသဇင်ခိုင် | ပါမောက္ခ | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၃။ | ပါမောက္ခဒေါက်တာနုနုမေ | ပါမောက္ခ | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ | ပါမောက္ခဒေါက်တာစန်းစန္ဒာခင် | ပါမောက္ခ | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၅။ | ပါမောက္ခဒေါက်တာခိုင်ရွှေဝါ | ပါမောက္ခ | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆။ | ပါမောက္ခဒေါက်တာရည်ရည်ခိုင် | ပါမောက္ခ | ကျန်းမာရေးဝန်ကြီးဌာန |

စာမျက်နှာ ၁၁ သို့ ➲

⊃ စာမျက်နှာ ၁၀ မှအဆက်

| | | | |
|---|---|---|---|
| ၁၇။ | ဒုတိယဗိုလ်မှူးကြီး | အောင်သော်ဟိန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဒုတိယဗိုလ်မှူးကြီး | အောင်ကျော်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဒုတိယဗိုလ်မှူးကြီး | မင်းအောင်သျှန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဒုတိယဗိုလ်မှူးကြီး | မျိုးထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဒုတိယဗိုလ်မှူးကြီး | ချမ်းမြေ့ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဒုတိယဗိုလ်မှူးကြီး | ရန်နိုင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဒုတိယဗိုလ်မှူးကြီး | ကျော်သူရ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်အေးမင်းစိုး(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |

**ဆေးပညာထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာသီသီထွန်း | တွဲဖက်ပါမောက္ခ/ အထူးကုဆရာဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ | ဒေါက်တာမောင်မောင်ဆွေ | တွဲဖက်ပါမောက္ခ/ အထူးကုဆရာဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ | ဒေါက်တာယဉ်မူယာ | အထူးကုဆရာဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ | ဒေါက်တာအောင်မိုးထွန်း | အထူးကုဆရာဝန်ကြီး/ တာဝန်ခံဆရာဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ဒေါက်တာတင်ထွန်းအောင် | အထူးကုဆရာဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါက်တာအောင်ကိုကိုထက် | အထူးကုဆရာဝန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ဒေါက်တာဇင်ကိုကိုဦး | လက်ထောက်ဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ဒေါက်တာခိုင်မေဦး | လက်ထောက်ဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ခင်မောင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | အောင်ကျော်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | မင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | မင်းမော်ဟန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | လေ ၂၁၉၃၉ | ဒုတိယအရာခံဗိုလ် ဝင်းစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဒေါက်တာမောင်လှိုင် | ပါမောက္ခ(ငြိမ်း) | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ညီညီလတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဦးမြတ်ထွန်းဦး | ညွှန်ကြားရေးမှူး | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး |
| ၃။ | ဒေါ်စန္ဒာမြင့် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၄။ | ဒေါက်တာကျော်ဇင်ဖြိုး | ဒုတိယညွှန်ကြားရေးမှူး(ဓာတ်ငွေ့) | စွမ်းအင်ဝန်ကြီးဌာန |
| ၅။ | ဦးမြင့်ဇော် | ဘူမိဗေဒအရာရှိချုပ် | စွမ်းအင်ဝန်ကြီးဌာန |
| ၆။ | ဒုတိယဗိုလ်မှူးကြီး | ညီညီအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဦးသက်နိုင်ဝင်း | ဘူမိဗေဒအရာရှိကြီး | စွမ်းအင်ဝန်ကြီးဌာန |
| ၈။ | ဦးအောင်မြသန်း | ဘူမိဗေဒအရာရှိကြီး | စွမ်းအင်ဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူး | သီဟဝင်းစိန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူး | ကျော်စွာထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်မှူး | နေမျိုးဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်မှူး | နိုင်လင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်မှူး | ထိုက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဗိုလ်မှူး | ကျော်စိုးလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး | ရဲဝင်းကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး | သွင်ဇော်တိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်ကြီး | ကျော်ကျော်ဆန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်ကြီး | သက်ခိုင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်ကြီး | ရဲမင်းသော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်ကြီး | မိုးဝင့်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဦးလင်းထက်အောင် | ဦးစီးအရာရှိ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး |
| ၂၂။ | လေ ၂၀၅၆၈ | အရာခံဗိုလ် သန်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | လေ ၂၀၆၇၂ | အရာခံဗိုလ် စောအေးဟန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | လေ ၂၀၈၁၉ | အရာခံဗိုလ် ခင်မောင်ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | လေ ၂၀၈၇၂ | အရာခံဗိုလ် ကျော်မင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | လေ ၂၀၉၆၉ | အရာခံဗိုလ် ဉာဏ်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | လေ ၂၁၀၄၃ | အရာခံဗိုလ် အောင်ဇော်မိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | လေ ၂၁၀၅၉ | အရာခံဗိုလ် သောင်းစိန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | လေ ၂၁၃၄၇ | အရာခံဗိုလ် သိန်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | လေ ၂၁၅၄၈ | ဒုတိယအရာခံဗိုလ် ဇော်မြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | လေ ၂၂၁၂၂ | ဒုတိယအရာခံဗိုလ် သန်းငြိမ်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | လေ ၂၇၅၅၁ | ဒုတိယအရာခံဗိုလ် ထွန်းထွန်းနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ရေ ၃၂၉၀၆ | အုပ်ခွဲတပ်ကြပ်ကြီး/ ၃၅ အောင်အောင်ခိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | လေ ၂၇၁၄၈ | ဦးစီးတပ်ကြပ်ကြီး အောင်ဇော်မင်း | ကာကွယ်ရေးဝန်ကြီးဌာန |

**အနုပညာထူးချွန်တံဆိပ် (ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးအုံးဖေ (မေမြို့ခင်မောင်မြင့်) | အဆိုပညာရှင် |
| ၂။ | ဦးစိန်တင်ဟန် (ရွှာစားကြီး စိန်တင်ဟန်) | ဆိုင်းပညာရှင် |

**အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးဘို | ဂီတအနုပညာရှင် |
| ၂။ | ဦးဝင်းကြည်(ဝဇီရာဝင်းကြည်) | သဘင်ပညာရှင် |
| ၃။ | ဒေါ်အောင်ညွှန့်စိန် (ခ) ဒေါ်ညွှန့်ညွှန့်စိန် | သဘင်ပညာရှင် |
| ၄။ | ဦးရဲညွှန့် | သဘင်ပညာရှင် |

**အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | |
|---|---|---|
| ၁။ | ဒေါ်ခိုင်ဝါ (ခ) မယ်သီတာ/ သီတာထွန်း | တေးသံရှင် |
| ၂။ | ဒေါက်တာလှမေဦး (ခ) ဆုရည် | တေးသံရှင် |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်များသက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက် ၈၀နှင့်အထက်အသင်းဝင်များသက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပရာ ပင့်ဖိတ်ထားသည့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အသင်းကြီး၏ကန်တော့ခံသက်ကြီး အသင်းဝင်များ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာသံဃာတော်များထံမှ ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက အသင်း၏ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကာ ကန်တော့ခံသက်ကြီးအသင်းဝင်များကို ဒေ့ပရိသတ်တို့က ကန်တော့ချိုးဖြင့်ကန်တော့ကြသည်။

ထို့နောက် သက်ကြီးကန်တော့ခံဆရာသမားနှစ်ဦးက မုဒိတာစကားနှင့် ဆုံးမဩဝါဒစကားပြောကြားပြီး အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားသို့တက်ရောက်လာကြသည့် ဒေ့ပရိသတ်များက အသင်းကြီး၏ကန်တော့ခံ သက်ကြီးအသင်းဝင်များ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဝန်ထမ်းများ၊ အလှူရှင်ခုနစ်ရက်သားသမီးများအားလုံး ကျန်းမာချမ်းသာပြီး ဘေးဘယာဝေးကွာကြပါစေကြောင်း နှစ်သစ်ဆုတောင်းမေတ္တာများ ပို့သခဲ့ကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မောင်သီဟ(MNA)**

**ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၅-၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၄.၀ | ၃၉.၂ |
| တီးတိန်မြို့ | ၄.၈ | ၄၀.၆ |
| ပူတာအိုမြို့ | ၅.၃ | ၄၁.၅ |
| ဟဲဟိုးမြို့ | ၆.၂ | ၄၃.၂ |
| ပြင်ဦးလွင်မြို့ | ၆.၇ | ၄၄.၁ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၆.၉ | ၄၄.၄ |
| မြစ်ကြီးနားမြို့နှင့် မချမ်းဘောမြို့ | ၇.၀ | ၄၄.၆ |
| ပင်လောင်းမြို့ | ၇.၆ | ၄၅.၇ |
| လွိုင်လင်မြို့ | ၇.၈ | ၄၆.၀ |
| ခန္တီးမြို့ | ၉.၉ | ၄၉.၈ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာ့ရိုးရာ ကစားနည်းများ

# ဖန်ခုန်ကစားနည်း




ဖန်ခုန်ကစားနည်းက အမျိုးမျိုးရှိတယ်။ အုပ်စုဖွဲ့ပြီး အဖွဲ့လိုက်ကစားတတ်ကြသလို အနည်းဆုံး လူသုံးယောက်ရှိနေရင် တစ်ယောက်ချင်းခုန်ကစားရတဲ့ တစ်ယောက်သေ တစ်ယောက်ခွေးရူးလုပ်ဆိုတဲ့ ကစားနည်းနဲ့လည်း ကစားလေ့ရှိကြတယ်။

ဖန်ခုန်ကစားနည်းမှာ ခြေထောက်တွေ တစ်ဆင့်ပြီး တစ်ဆင့် ဆင့်ခုန်ရတဲ့အမြင့်ခုန်ကစားနည်း၊ သားရေကွင်းတွေဆက်တားပြီး ခုန်ရတဲ့အမြင့်ခုန်ကစားနည်း၊ ခြေထောက်တွေကို မြေပြင်မှာ ချခင်းတားပြီး ခုန်ရတဲ့ အလျားခုန်ကစားနည်းဆိုပြီး နည်းအမျိုးမျိုးရှိတယ်။

ဖန်ခုန်တဲ့အခါမှာ အဖွဲ့လိုက်ခုန်ကြမယ်ဆိုရင် ခေါင်ဆရာ နှစ်ယောက်ကို ရွေးရတယ်။ ခေါင်ဆရာနှစ်ယောက်ဟာ ကစားသူတွေထဲမှာ အတော်ဆုံးလူနှစ်ယောက်ပဲဖြစ်တယ်။ ခေါင်ဆရာရွေးပြီးရင်တော့ ကျန်တဲ့သူတွေက အမည်ဝှက်ပြီး လူခွဲ၊ အဖွဲ့ခွဲရတယ်။ အဲဒီလိုအဖွဲ့ခွဲပြီးမှ ခေါင်ဆရာနှစ်ယောက်က ခေါင်းပန်းလှန်ပြီး တားတဲ့အဖွဲ့နဲ့ ခုန်တဲ့အဖွဲ့ကို သတ်မှတ်ရွေးချယ်ရတယ်။ ရွာတွေမှာတော့ ခေါင်းပန်းလှန်တယ်ဆိုတာထက် ဖိနပ်မြှောက်ပြီး ရွေးကြတာများတယ်။ ခေါင်ဆရာတစ်ယောက်ယောက်က ဖိနပ်ကိုမြှောက်လိုက်ရင် နှစ်ဖက်အဖွဲ့သားတွေက မြှောက်တက်သွားတဲ့ဖိနပ်ကို လိုက်ကြည့်၊ ပြန်ကျလာတဲ့အခါ ကိုယ်အရင် ခွေးရူးမကျရေး အော်ဟစ်ဆုတောင်းရင်း ဖိနပ်မြေကြီးပေါ်ကျလာတဲ့အခါ အပြေးအလွှားကြည့်ကြတယ်။ ဖိနပ်မြှောက်တာကလည်း ခေါင်းပန်းလှန်သလိုပါပဲ။ သည်းကြိုးဘက်ကိုယူတဲ့သူကယူတယ်။ ဖိနပ်ခုံဘက်ကို ယူတဲ့သူက ယူရတယ်၊ အဲဒီလိုဖိနပ်မြှောက်ပြီး တားတဲ့အဖွဲ့နဲ့ ခုန်တဲ့အဖွဲ့ကို ရွေးကြတယ်၊ အဲဒီလို ရွေးပြီးရင်တော့ တစ်ဖွဲ့ကတားပြီး တစ်ဖွဲ့ကခုန်ကြရတယ်။

အမြင့်ခုန်ရာမှာ တစ်ဆင့်ခုန်၊ နှစ်ဆင့်ခုန်၊ သုံးဆင့်ခုန်ကနေ လေးဆင့်၊ ငါးဆင့်အထိ မြင့်မြင့်သွားတယ်။ တစ်ဆင့်လို့ဆိုရာမှာတော့ ခြေထောက်ကိုထောင်ပြီး ဆင့်တဲ့အဆင့်ကိုခေါ်တယ်။ အဆင့်တစ်ဆင့်ကို အဖွဲ့မှာရှိတဲ့သူအားလုံး ခုန်နိုင်သွားရင် နောက်တစ်ဆင့်ကို ထပ်တက်ရတယ်။ သုံးဆင့်ခုန်လောက်အထိက လွယ်လွယ်ကူကူ ခုန်နိုင်ကြပေမယ့် လေးဆင့်၊ ငါးဆင့်၊ ခြောက်ဆင့်တို့ကျရင်တော့ ခုန်ရတာ ခက်ခဲလာတယ်။ အဝေးကနေပြေးပြီး အရှိန်ယူခုန်မှ ခုန်နိုင်တယ်။ အဖွဲ့ဝင်တော်တော်များများ မခုန်နိုင်တာကများတယ်။ အဲဒီအခါမှာ မခုန်နိုင်တဲ့သူ အားလုံးအတွက် အဖွဲ့မှာရှိတဲ့ အတော်ဆုံးသူက ကူခုန်ပေးရတယ်။

တစ်ဆင့်ခုန်နဲ့နှစ်ဆင့်ခုန်ကို ရိုးရိုးခုန်နဲ့ ခြေတစ်ပေါင်ကျိုးခုန်ဆိုပြီး ခုန်ရတယ်။ အချို့ကလည်း သုံးဆင့်ခုန်အထိ ခြေတစ်ပေါင်ကျိုးခုန်ကြပါတယ်။ လေးဆင့်၊ ငါးဆင့်၊ ခြောက်ဆင့်တွေကတော့ ရိုးရိုးခုန်ရတယ်။ အဆင့်မြင့်လာလေ အဝေးကနေပြေးပြီး အရှိန်ယူရလေဖြစ်တယ်။ အဲဒီအခါမှာ ခုန်တဲ့သူက တားတဲ့သူနဲ့ မထိမိအောင် အဝတ်တွေကို တိုနိုင်သမျှ တိုအောင် လုံးစုပြီး လိပ်တင်ထားကြရတယ်။ အဆင့်မြင့်လာတော့ထိမိလို့ သေသွားရင် နောက်လူက ကူပေးရတာလည်း မောတယ်၊ ခုန်ရတာလည်း တစ်ဆင့်တစ်ဆင့်ကို သုံးခါပြန်ပြီး ခုန်ရတာဆိုတော့ သုံးခါလုံး မထိမိဘဲ ခုန်နိုင်ပါမှ အဲဒီအဆင့်ကို အောင်တယ်။

အလျားခုန်ကစားတာလည်း အတူတူပါပဲ။ ရိုးရိုးခုန်ပါတယ်။ ခြေတစ်ပေါင်ကျိုးခုန်ပါတယ်။ စစချင်း တားတဲ့သူနှစ်ယောက်က မျက်နှာချင်းဆိုင် ခြေထောက်ကို ဆန့်ကားပြီး ဆက်ထားရတယ်။ ခုန်တဲ့သူတွေက ခြေထောက်လေးဖက်စလုံးမှာ ငါးဖန် ဒါမှမဟုတ် ဆယ်ဖန်စီခုန်ရတယ်။ ပထမဦးဆုံး အတွင်းအပြင်တစ်လှည့်စီခြေချပြီး ခုန်ရတယ်။ တားထားတဲ့ခြေထောက်တွေကို ခုန်တဲ့သူက တစ်ဖက်ပြီးတစ်ဖက် နီးစပ်ရာ ခုန်ကူးပြီး ခုန်ရတယ်။ မနားရဘူး။ ရိုးရိုးခုန်၊ ခြေပူးခုန်၊ ခြေတစ်ပေါင်ကျိုးခုန် ခုန်ကြရတယ်။ ခုန်တဲ့သူတွေက တားတဲ့ခြေထောက်ကို နီးစပ်ရာ ခုန်ကူးပြီးတော့ ခုန်ရတာရှိသလို တားထားတဲ့ခြေထောက်ကို ထောင့်တန်းကူးပြီး ခုန်ရတဲ့ ခုန်နည်းလည်း ပါတယ်။

ခုန်တဲ့အဖွဲ့က တစ်ယောက်သေရင် နောက်တစ်ယောက်ကကူပြီး အဆင့်တွေအားလုံး အောင်သွားပြီဆိုရင်တော့ တစ်ပွဲအောင်သွားပြီ။ နိုင်သွားပြီ။ တစ်ပွဲနိုင်သွားပြီးရင် နိုင်တဲ့အဖွဲ့ကပဲ အစကနေပြန်ပြီး ခုန်ကြရတယ်။

ဖန်ခုန်ကစားနည်းက ပြေးလွှားခုန်ပေါက်ပြီး ကစားရတာဖြစ်တဲ့အတွက် ကစားကြတဲ့သူအားလုံး ချွေးတရွှဲရွှဲနဲ့ မောလည်းမောကြရတယ်။ ဒါပေမဲ့ ကိုယ့်အဖွဲ့ သူ့အဖွဲ့ အပြိုင်အဆိုင် ကစားကြရတာဖြစ်တယ်။ ကိုယ့်အဖွဲ့ အနိုင်ရလိုစိတ်နဲ့ ကစားကြတာဖြစ်တဲ့အတွက် မောလို့မောမှန်း၊ ပန်းလို့ပန်းမှန်းလည်း မသိကြဘူး။ မောတဲ့သူက အနားရခိုက် သောက်ရေအိုးဆီပြေးပြီး ရေတွေခပ်သောက်ကြ။ ပြီးရင် ပြန်ကစားကြနဲ့ ပျော်ရွှင်ဆူညံလို့ နေကြတယ်။ ကလေးတွေ ဘယ်လောက်ပဲ အော်ဟစ်ပြီး ဆူဆူညံညံကစားနေကြပေမယ့်လည်း လူကြီးတွေက ဆူခြင်းငေါက်ခြင်း မရှိကြဘူး။ ကလေးတွေ ဆော့ကစားနေတာကို အချို့လူကြီးတွေက လာပြီးတော့တောင် အားပေးကြတယ်။

ရွှေလသာတဲ့ညတွေဆို ကျေးလက်ရွာကလေးက တလင်းကျယ်ကျယ်ရှိတဲ့ အိမ်ခြံဝင်းထဲမှာ စုပေါင်းပြီး ပျော်ရွှင်စွာ ဆော့ကစားနေကြတဲ့ ကလေးတွေကို တွေ့မြင်ကြရပါတယ်။ ရွှေလကြီးက တဖြည်းဖြည်းမြင့်တက်ပြီး ညဥ့်တော်တော်နက်လာပြီဆိုရင်တော့ အိမ်ကလူကြီးမိဘတွေရဲ့ ကစားဝိုင်းသိမ်းဖို့ ပြောကြတဲ့အသံတွေ ကြားလာရတော့တယ်။ ကစားလို့ အရှိန်ကောင်းနေချိန် ကစားဝိုင်းသိမ်းခိုင်းရင်တော့ ကလေးတွေဆီက ခဏနေပါဦး၊ တစ်ပွဲလောက်ဆော့ဦးမယ်ဆိုတဲ့အသံတွေ ထွက်လာတော့တာပါပဲ။ သိပ်ညဥ့်နက်လာရင်တော့ အိမ်ကို မပြန်ချင်ဘဲ ပြန်ခဲ့ကြရပြန်ပါတယ်။ အိမ်ပြန်ရင်း နောက်တစ်နေ့ည လသာချိန်မှာ ဆော့ကစားဖို့ တစ်ယောက်နဲ့တစ်ယောက် အော်ဟစ်ချိန်းဆိုရင်း နောက်တစ်နေ့ညအတွက် မျှော်လင့်ရင်ခုန်ရင်း အိမ်ပြန်လမ်းကို လှမ်းခဲ့ကြရပါတော့တယ်။ ။

**မယင်းမာ**

ရသစုံစာစု

# လောင်းကစား

"ဆရာ . . . ဆရာ ကျောင်းနောက်က သစ်ပင်အောက်မှာ သူရိန်နဲ့ ကျော်စွာတို့ ဖဲကစားနေကြတယ် ဆရာ"

ကျောင်းသားတစ်ယောက်က ဆရာညွန့်ကို လာတိုင်သည်။

"ဟေ ဟုတ်လား၊ အေးအေး ဆရာ အခုလာခဲ့မယ်"

ကျောင်းသားများကို လွတ်လပ်စွာ ကစားခွင့်ပေးထားသော်လည်း ယခုလိုလောင်းကစားဆန်သည့် ကစားနည်းမျိုးကိုတော့ ကစားခွင့်မပြုပါ။

ဆရာညွန့် အနားရောက်လာသည်ကိုပင် သူတို့ သတိမထားမိကြ။ ဖဲစက္ကူရွက်များကို သဲကြီးမဲကြီးကြည့်၍ ကစားနေကြသည်။ ဝိုင်းအလယ်တွင် ပိုက်ဆံအနုပ်ကလေးများပင် ထုတ်ပုံထားကြသည်။ သူတို့ကစားရုံသက်သက် အဆင့်သာမက ငွေစများပင် လောင်းကြေးထပ်နေကြပြီ။

"ဟေ့ ကစားတာ အားလုံးရပ်လိုက်ကြ၊ မင်းတို့အားလုံး ဆရာနဲ့အတူ ရုံးခန်းလိုက်ခဲ့ကြ"

ရုံးခန်းလိုက်ခဲ့ရမည်ဆိုသဖြင့် သူရိန်နှင့် ကျော်စွာတို့က တွန့်ဆုတ်တွန့်ဆုတ်လုပ်နေကြသည်။ ဆရာက ရုံးခန်းကို ခေါ်ပြီဆိုကတည်းက



သူတို့ ဤကစားနည်းကို ကစားတာ အပြစ်ရှိမှန်း သိလိုက်ကြသည်။

''ရုံးခန်းတော့ မလိုက်ပါရစေနဲ့ ဆရာ၊ သားတို့အပြစ်ရှိရင် ဆရာဆုံးမတာ ခံပါ့မယ်"

"ရုံးခန်း မလိုက်ချင်ရင် ဆရာဆုံးမတဲ့အတိုင်း လိုက်နာမလား"

''ဟုတ်ကဲ့ လိုက်နာပါ့မယ်"

သူရိန်နှင့် ကျော်စွာတို့ မဆိုင်းမတွ ဖြေလိုက်ကြသည်။ သူတို့ ရုံးခန်းလိုက်ရမည်ကို အလွန်ကြောက်သည်။

"လောင်းကစားဆိုတာ ကောင်းတာမဟုတ်ဘူးကွ၊ မင်းတို့ရဲ့ အကျင့်စာရိတ္တကို ဖျက်ဆီးမှာ လောင်းကစားပဲ၊ ကျောင်းသားဖြစ်လျက်နဲ့ လောင်းကစားစွဲသွားရင် ပညာရေးထိခိုက်မယ်၊ ဒီနေ့ကစပြီး ဖဲကစားတာ အပါအဝင်ဘယ်လောင်းကစားနည်းမှမကစားပါဘူးလို့ကတိပေးနိုင်လား"

"ကတိပေးနိုင်ပါတယ် ဆရာ"

"အေး ဟုတ်ပြီ၊ ကျောင်းစည်းကမ်းထဲမှာလည်း လောင်းကစားကို မလုပ်ဖို့ တားမြစ်ထားတယ်၊ မင်းတို့ရဲ့ ဖဲစာရွက်ထုပ်ကို ဆရာသိမ်းထားလိုက်ပြီနော်"

"ဟုတ်ကဲ့ပါ ဆရာ"

သူရိန်နှင့် ကျော်စွာတို့ ဆရာညွန့်ကို ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်နေကြသည်။

"ဒါနဲ့ မင်းတို့ ဒီဖဲကစားနည်းကို ဘယ်ကမြင်ပြီး တတ်လာတာလဲ"

"ကျွန်တော်တို့ အိမ်နားက အသုဘမှာ အရပ်ထဲကလူတွေ ကစားတာကြည့်ပြီး မှတ်ထားတာပါ ဆရာ"

သူတို့တွေ ဖဲလောင်းကစားခြင်းကို အတုမြင်အတတ်သင်ခဲ့သည့် ဇာစ်မြစ်ကို ဆရာညွန့် သိလိုက်ရပေပြီ။

"အဲဒါက ရပ်ကွက်ထဲမှာနာရေးဖြစ်လို့လူစည်အောင်ကူညီတဲ့သဘောပဲ၊ ဒါကို မင်းတို့က အတုယူရင် မှားမှာပေါ့၊ လောင်းကစားလုပ်ရင် ဥပဒေအရ အရေးယူခံရမယ်၊ မင်းတို့ကတိအတိုင်း နောက်ဘယ်တော့မှ မကစားနဲ့တော့နော်"

"ဟုတ်ကဲ့ ဆရာ"

သူရိန်နှင့် ကျော်စွာတို့ ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်ရင်း တစ်ပတ်တာကုန်ဆုံးခဲ့လေသည်။

ကျောင်းတက်ရက် နောက်ဆုံးနေ့တွင် သူရိန်နှင့် ကျော်စွာတို့ ညနေပိုင်းကျောင်းဆင်းပြီး အိမ်ပြန်လာကြသည်။ သူတို့လမ်းလျှောက်လာစဉ် ခပ်လှမ်းလှမ်းမှာတစ်စုံတစ်ခုကို လူတွေဝိုင်းကြည့်နေကြတာတွေ့လိုက်သည်။

"ဟိုရှေ့မှာ လူတွေကြည့်နေကြတာ ဘာလဲမသိဘူးနော်"

သူရိန်က လူအုပ်ဆီလှမ်းကြည့်ရင်း ကျော်စွာ့ကို ပြောလိုက်သည်။

"တို့သွားကြည့်ရအောင် သူရိန်၊ ဟော ပြောရင်းဆိုရင်း ဒီဘက်ကို လူတွေလာကြပြီ"

သူတို့ပြောဆိုနေစဉ်မှာပင် လူများသူတို့ဘက်ကို လျှောက်လာကြသည်။ တဖြည်းဖြည်း သူတို့နှင့် နီးလာသောအခါ မြင်ကွင်းကို သဲသဲကွဲကွဲမြင်လိုက်ရသည်။

"ဟာ တို့လမ်းထဲက ကိုသာဒင်ကြီးနဲ့ ကိုပေါ်ကြီးကို ရဲတွေဖမ်းလာတာကွ"

ကျော်စွာကကြည့်ရင်း တအံ့တသြပြောလိုက်သည်။

ဘေးကလူကြီးများကို မေးကြည့်တော့ ရပ်ကွက်ထဲမှာ ဖဲဝိုင်းဖွဲ့ပြီး ကစားကြသဖြင့် အဖမ်းခံရကြောင်း သိလိုက်ရသည်။ ဖဲကစားခြင်းကို စွဲစွဲလမ်းလမ်းဆက်ကစားလျှင် ဥပဒေအရအရေးယူခံရမည်ဟု ဆရာညွန့်ပြောခဲ့သော စကားကို သူတို့ ပြန်ကြားယောင်လာသည်။

"ငါတို့ဆရာပြောတာ မှန်တယ်နော်၊လောင်းကစားတာ မကောင်းဘူး၊ ဟိုလူကြီးတွေ ရဲဖမ်းခံရပြီ၊ ထောင်ကျတော့မှာကွ"

သူရိန်က ဤသို့ တွေးတွေးဆဆပြောရင်း ဆရာညွန့်ကို ကျေးဇူးတင်နေသည်။

"လောင်းကစားကို ဘယ်တော့မှ စိတ်မကူးနဲ့တော့ သူငယ်ချင်းရေ"

ကျော်စွာက သူရိန်ကို သတိပေးစကား ပြောပြန်သည်။

"အေးပါကွာ တို့တစ်သက်လုံး ရှောင်ကြဉ်မယ်နော်''

သူငယ်ချင်းနှစ်ယောက် ဆုံးဖြတ်ချက်များ ခိုင်မာသွားကြပြီ ဖြစ်သည်။ လောင်းကစား၏ဆိုးကျိုးအပြစ်များကို သူတို့မျက်မြင်ကြုံတွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

**ညွန့်ဝင်း(နတ်တလင်း)**

# ဆိုလာနည်းပညာမှသည် လျှပ်စစ်စွမ်းအင်ဆီသို့

မောင်မောင်စွယ်စုံထွန်း

ယခုအခါ ဆိုလာနည်းပညာသည် ကမ္ဘာနှင့်အဝှမ်း တွင်ကျယ်စွာအသုံးပြုလာနေသော နည်းပညာတစ်ခုဖြစ်လာနေပါသည်။ လက်ရှိဆိုလာပစ္စည်းဈေးကွက်တွင် N-type နှင့် P-type ဆိုလာပြားဟူသော ဝေါဟာရများကို တွေ့ဖူးမြင်ဖူးကြမည်ဖြစ်ပါသည်။ အဆိုပါအမျိုးအစား နှစ်မျိုး၏ ပါဝါအထွက်၊ ကုန်ကျစရိတ်နှင့် စွမ်းဆောင်ရည်များမှာ ကွာခြားသဖြင့် ဆိုလာပြားများ၏ တည်ဆောက်ပုံနှင့် စွမ်းအင်ထုတ်လုပ်မှုများကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ ဆိုလာပြားဆိုသည်မှာ လျှပ်စစ်ထုတ်လုပ်ရန် Crystalline Silicone Wafer ကို အခြားပစ္စည်းများနှင့်ပေါင်းစပ်ထားသော အရာဝတ္ထုတစ်ခုဖြစ်ပါသည်။ လက်ရှိအချိန်တွင် ဆိုလာပြားအမျိုးအစား နှစ်မျိုးရှိပါသည်။ P-type Cells နှင့် N-type Cells တို့ဖြစ်ပါသည်။

P-type တွင် Positive Charge ကို ဖန်တီးရန် ဘိုရွန်အက်တမ်အခြေခံသည့် Silicone တစ်ခုပေါင်းထည့်ထားပါသည်။ လျှပ်စစ်စီးကြောင်းအတွက် p-n junction ကိုဖန်တီးရန် Wafer ၏ Top Silicone Layer ကို Phosphorus N-type ဖြင့် ပေါင်းစပ်ထုတ်လုပ်ထားပါသည်။ P-type သည် ဆိုလာပြားထုတ်လုပ်ရာတွင် အသုံးအများဆုံး အမျိုးအစားဖြစ်ပါသည်။ အလွယ်ကူဆုံးပြောရလျှင် N-type ၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံသည် P-type ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ N-type များတွင် Negative Charge ကို ဖန်တီးရန် ဖော့စဖရတ်အက်တမ်အခြေခံ Silicone တစ်ခုပေါင်းထည့်ထားပါသည်။ N-type ဆိုလာပြား၏ Top Silicone Layer ကို p-n junction ဖွဲ့စည်းမှုအတွက် ဘိုရွန် P-type ဖြင့် ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။

ဆိုလာပြားတည်ဆောက်ပုံမှတစ်ဆင့် စွမ်းအင်ထုတ်လုပ်မှုကို ဆက်လက်တင်ပြပေးလိုပါသည်။ ဆိုလာပြားများတွင် Semiconductor အလွှာများစွာပါရှိပါသည်။ နေရောင်ခြည်မှာလည်း ဖိုတွန်များစွာပါရှိပါသည်။ ဖိုတွန်များသည် ဆိုလာပြားမျက်နှာပြင်ပေါ်ကျရောက်သောအခါ ဆိုလာပြားများ၏ negative layer သည် ဤ ဖိုတွန်များကို စုပ်ယူပါသည်။ ဖိုတွန်သည် Positive Charge ဖြစ်သောကြောင့် Negative Layer က စုပ်ယူခြင်းဖြစ်ပါသည်။ Negative Layer က စုပ်ယူပြီးနောက် ဖိုတွန်မှရှူကလီးယားဆဲလ်သို့စွမ်းအင်လွှဲပြောင်းမှုကြောင့်ဆိုလာပြား၏ အက်တမ်ဆဲလ်ကို charge လုပ်ခြင်းဖြစ်ပေါ်လာပါသည်။ ထိုသို့စွမ်းအင်ပြောင်းလဲမှုကြောင့် အက်တမ်၏ အီလက်ထရွန် (electrons) များသည် ၎င်း၏ အပြင်ဘက် အကျဆုံးအခွံမှလွတ်မြောက်ပြီး ဆဲလ်၏ positive layer ဆီသို့ ရွေ့လျားသွားပါသည်။ နောက်ဆုံးတွင်ဆဲလ်၏ Positive နှင့် Negative အလွှာကြားမှာ Potential difference ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။


ဆိုလာပြားများမှ စွမ်းအင်ထုတ်လုပ်မှုကိုတင်ပြပြီးနောက် ၎င်းတို့၏အလုပ်လုပ်နိုင်စွမ်းကို ဆက်လက်တင်ပြပေးလိုပါသည်။ P-type ဆိုလာပြားများတွင် ဘိုရွန်အောက်ဆီဂျင်ချို့ယွင်းချက်ပါဝင်နေပါသည်။ ထို့ကြောင့် ဆဲလ်များဖွဲ့စည်းသောအခါတွင် dissolved oxygen ကြောင့် အလင်းထိတွေ့မှုအောက်တွင်ဘိုရွန်နှင့် ပြန်လည်ပေါင်းစည်းသည့်နေရာကို ဖြစ်ပေါ်စေပါသည်။ ဤဖြစ်ရပ်ကို အလင်းကြောင့် ပျက်စီးခြင်း (light induced degradation) ဟုခေါ်ပြီး ၎င်းသည် ဆဲလ်များ၏ စွမ်းဆောင်ရည်ကို လျော့နည်းစေပါသည်။ ထို့ကြောင့် N-type ဆိုလာပြားများသည် P-type ဆိုလာပြားများထက် ပိုမိုမြင့်မားသော လုပ်ဆောင်နိုင်စွမ်းရှိပါသည်။ အပူချိန်ခံနိုင်ရည်ရှိမှုကို နှိုင်းယှဉ်ကြည့်လျှင်လည်း N-type အမျိုးအစားများသည် P-type အမျိုးအစားများထက် အပူချိန်ပြောင်းလဲမှုများကိုခုခံရန် စွမ်းအားပိုရှိသောကြောင့် အပူချိန်မြင့်သော ဒေသများအတွက် ပိုမိုသင့်လျော်ပါသည်။ N-type အမျိုးအစားများသည် ဝယ်ယူသည့်အခါတွင် ကုန်ကျစရိတ်မှာ P-type အမျိုးအစားများထက် ပိုများသော်လည်း ဓာတ်အားထုတ်လုပ်သုံးစွဲနေသည့် သက်တမ်းတစ်လျှောက် စွမ်းဆောင်ရည် ပိုမိုမြင့်မားစွာရရှိစေပါသည်။ သက်တမ်းလည်းပိုရှည်ပါသည်။ ထို့ကြောင့် N-type ဆိုလာပြားများကို ရွေးချယ်ခြင်းသည်ရေရှည်အတွက်ဆုံးဖြတ်ချက်ကောင်း တစ်ခုဖြစ်ပါသည်။ ယခု N-type နှင့် P-type ဆိုလာပြားဟူသော ဝေါဟာရများကို အကြမ်းဖျင်းနားလည်သဘောပေါက်လောက်ပြီဟု ယူဆပါသည်။


ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာနည်းပညာကို ပြောင်းလဲသုံးစွဲရန် ကြိုးစားဆောင်ရွက်လျက်ရှိကြရာ နိုင်ငံတကာပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အေဂျင်စီ IRENA ၏ အဆိုအရ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ၂၀၃၀ ပြည့်နှစ်မတိုင်မီ နေရောင်ခြည်စွမ်းအင်မှာ လျှပ်စစ်ဓာတ်အား ၁၂၅ ဂစ်ဂါဝပ်အထိ ထုတ်လုပ်လာနိုင်ရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ MSME လုပ်ငန်းများတိုးတက်ဖြစ်ထွန်းရေး၊ အရည်အသွေးမြင့်မားသည့် ပညာရေးစနစ်ဖြစ်ပေါ်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် များစွာအရေးပါသောကြောင့် တစ်နိုင်ငံလုံးမှ ပြည်သူအားလုံး လျှပ်စစ်ဓာတ်အားကို သာတူညီမျှရရှိသုံးစွဲနိုင်ရေး ရည်မှန်းချက်ထားကာ မူဝါဒများချမှတ်ပြီး "၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်သုံးစွဲရရှိရေး" အတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်ရေးစီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ် (Nationally Determine Cotribution – NDC) အရ ၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်ပါဝင်မှု ၂၈ ရာခိုင်နှုန်း (၅၁၅၆ မဂ္ဂါဝပ်)၊ နေရောင်ခြည်နှင့်လေစွမ်းအင်ကဲ့သို့ ပြန်ပြည့်မြဲစွမ်းအင်ပါဝင်မှု ၁၁ ရာခိုင်နှုန်း (၂၀၀၀ မဂ္ဂါဝပ်) လျာထားရေးဆွဲထားပါသည်။ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်မှ ၃ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်ထုတ်လုပ်လျက်ရှိပြီး ထပ်မံ၍နေရောင်ခြည်နှင့် လေစွမ်းအင်တို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စူးစမ်းလေ့လာနေမှုများကိုလည်း MoU၊ MoA၊ LoA များ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ၂၀၃၀ ပြည့်နှစ်တွင် နေနှင့်လေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမှပါဝင်မှု အချိုးအစားသည် ရည်မှန်းထားသည့် ၁၁ ရာခိုင်နှုန်းကို ပြည့်မီရောက်ရှိလာမည်ဖြစ်ပါသည်။

ထိုသို့ ရည်မှန်းချက်ထားအကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ ရလဒ်တစ်စိတ်တစ်ပိုင်းဖြစ်သည့် သာစည်(၃၀ မဂ္ဂါဝပ်)၊ သပြေဝ -၃(၃၀ မဂ္ဂါဝပ်) နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် Build – Operate – Own – BOO တည်ဆောက်/ လည်ပတ်/ ပိုင်ဆိုင်စနစ်ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတပ်ဆင်အင်အားမှာ ၆၀ မဂ္ဂါဝပ်ဖြစ်ကာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၄၈ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သောကြောင့် အိမ်ထောင်စုပေါင်း ၉၉၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား ထပ်မံတိုးတက်ဖြန့်ဖြူးပေးနိုင်မှာလည်းဖြစ်ပါသည်။ သပြေဝ-၃ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းကို ၁၃ လအတွင်းတည်ဆောက်ခဲ့ပြီး ထွက်ရှိလာသည့် ဓာတ်အားကို ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သပြေဝပင်မဓာတ်အားခွဲရုံသို့ ၂၀၂၄ ခုနှစ် မတ်လ ၃၀ ရက်တွင် လည်းကောင်း၊ သာစည်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၁၄ လအတွင်း တည်ဆောက်ခဲ့ပြီး ထွက်ရှိလာသည့် ဓာတ်အားကို ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံသို့ ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက်တွင်လည်းကောင်း အသီးသီး ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်ကွန်ရက်အတွင်းတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားများ ချိတ်ဆက်ပို့လွှတ်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံခြောက်ရုံရှိရာမှ ထပ်မံ၍ နှစ်ရုံမှထွက်ရှိသော ဓာတ်အားများကိုလည်း နိုင်ငံတော်ဓာတ်အားစနစ် အတွင်းသို့ ထပ်မံချိတ်ဆက်ပို့လွှတ်နိုင်ပြီဖြစ်သည့်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံရှစ်ရုံ စုစုပေါင်းတပ်ဆင်စက်အင်အား ၂၄၀ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်လာနိုင်ပြီဖြစ်ပါသည်။ လက်ရှိအချိန်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် စွမ်းအင်အရင်းအမြစ်ပါဝင်မှု အချိုးအစား (Generation Mix) အားဖြင့် ရေအား (၄၅ ရာခိုင်နှုန်း)၊ သဘာဝဓာတ်ငွေ့(၅၀ ရာခိုင်နှုန်း)၊ နေရောင်ခြည်(၃ ရာခိုင်နှုန်း)၊ ကျောက်မီးသွေး (၂ ရာခိုင်နှုန်း)တို့ဖြင့်သာ လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ အခြေခံလူမှုစီးပွားဘဝကို မြှင့်တင်နိုင်ရန်လျှပ်စစ်ဓာတ်အားကို လုံလောက်စွာရရှိသုံးစွဲနိုင်ရေးသည်အဓိကဖြစ်သည့်အတွက် တစ်နိုင်ငံလုံးမှပြည်သူများအားလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်ရရှိသုံးစွဲနိုင်ရေး အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဓာတ်အားပေးစက်ရုံများကို အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် အသစ်များတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ

စာမျက်နှာ ၁၄ သို့ ◆



◆ စာမျက်နှာ ၁၃ မှအဆက်

တိုးချဲ့တည်ဆောက်ခြင်းတို့ကို နိုင်ငံပိုင်ရန်ပုံငွေ၊ နိုင်ငံခြားချေးငွေအထောက်အပံ့တို့ဖြင့် နှစ်စဉ်အဆင့်အလိုက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် ခတ်အားထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်ချက်များချမှတ်ပေးခဲ့သည့်အတွက် နေရောင်ခြည်စွမ်းအင်သုံးနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဦးစားပေးအကောင်ထည်ဖော်စီစဉ်ဆောင်ရွက်လျက်ရှိခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ရေအား၊ လေအား၊ နေရောင်ခြည်အစရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များပေါကြွယ်ဝသောနိုင်ငံဖြစ်သည့်အလျောက် ရေအား၊ လေအားနှင့်နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏နေရာအနှံ့အပြားတွင် နေရောင်ခြည်စွမ်းအင်ကောင်းမွန်စွာ ကျရောက်သည့်အတွက် သဘာဝက ပေးထားသောအားသာချက်ကို ကောင်းစွာအသုံးချပြီး နိုင်ငံတော်၏မူဝါဒများနှင့်အညီ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံချက်များရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှထုတ်လုပ်သောလျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ်ရရှိစေရေးအတွက် ထုတ်လုပ်မှုအပိုင်းတွင် အထောက်အကူဖြစ်စေရန် လျှပ်စစ်ဓာတ်အားသိုလှောင်စနစ် တပ်ဆင်အသုံးပြုနိုင်ရေးကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ နေရောင်ခြည်စွမ်းအင်ကို နာရီအချိန်အလိုက် ပိုမိုသိုလှောင်ရရှိနိုင်ရေးအတွက် ဆိုလာပြားများကို Tracking System တပ်ဆင်အသုံးပြုနိုင်ရန်လည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် စွမ်းအားပြည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းဆိုင်ရာ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ်မပြတ်မနေဆောင်ရွက်လျက်ရှိသောကြောင့် လျှပ်စစ်ဓာတ်အားထိန်းညှိထုတ်လုပ်ဖြန့်ဖြူးနေမှုမှာ နေ့စဉ်ပျမ်းမျှ ၂၅၀၀ မဂ္ဂါဝပ်ခန့်သာ ဖြန့်ဖြူးပေးနိုင်ပြီး နေ့စဉ်ခန့်မှန်းဓာတ်အားလိုအပ်ချက်မှာ ၆၀၀၀ မဂ္ဂါဝပ် ခန့်ရှိသောကြောင့် အများပြည်သူမီးသုံးစွဲမှုများသော နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဝန်အားထိန်းညှိလျှော့ချခြင်းများကို အလှည့်ကျဆောင်ရွက်နေရပြီး ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုလည်း တစ်ချိန်တည်းတစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အတွင်း ၂၀၂၄ ခုနှစ် မတ်လအထိ တစ်နိုင်ငံလုံးရှိ အိမ်ထောင်စု စုစုပေါင်း ၁၀ သန်းကျော်ရှိသည့် အနက် လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု စုစုပေါင်း ၇ သန်းကျော်အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားနိုင်ပြီဖြစ်သောကြောင့် မြန်မာတစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားရရှိမှုအချိုးမှာ ၆၇ ဒသမ ၃၄ ရာခိုင်နှုန်းသို့ရောက်ရှိလာပြီဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် နေရောင်ခြည်စွမ်းအင်ဖြင့် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ကြိုးပမ်းလျက်ရှိသလို ဓာတ်အားစနစ်ပြင်ပတွင်လည်း နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံငယ်များကို မြောက်မြားစွာအကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် ငွေကြေးတတ်နိုင်သူများအနေဖြင့် နိုင်ငံတော်မှလျှပ်စစ်ဓာတ်အားရရှိမှုနည်းပါးနေချိန်တွင် ဓာတ်အားစနစ်အပေါ် မှီခိုသုံးစွဲနေခြင်းများကိုလျှော့ချပြီး နေရောင်ခြည်စွမ်းအင်အသုံးပြုခြင်းဖြင့် တစ်နိုင်တစ်ပိုင်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို လျှော့ချလာနိုင်ပါမည်။

ထို့ပြင် ပြည်သူများအနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆောင်ရွက်နေရမှုများကို နားလည်သဘောပေါက်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များမှ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းကူညီစောင့်ရှောက်ဆောင်ရွက်ပေးကြမှသာလျှင် လျှပ်စစ်ဓာတ်အားပိုမိုရရှိ၍ လျှပ်စစ်ဓာတ်အား မရရှိသေးသူများအနေဖြင့် မျှတစွာရရှိသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် ရေသွင်းနှမ်း ၃၃၃၁ ဧက စိုက်ပျိုးမည်



ပွင့်ဖြူ ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့် နွေသီးနှံစိုက်ပျိုးရာသီတွင် အရည်အသွေးမြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်ပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်း ၃၃၃၁ ဧက အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA) တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"တောင်သူတွေနဲ့ ကန်ထရိုက်လယ်ယာစနစ် အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် ကုမ္ပဏီက Green Growth Generation (GGG) ကုမ္ပဏီဖြစ်ပါတယ်။ ရေသွင်းနှမ်းစိုက်ပျိုးရာတွင် မျိုးစေ့ထုတ်စိုက်ကွက် ၁၅၅ ဧကနဲ့ ရိုးရိုးစိုက်ကွက် ၃၁၇၆ ဧက စုစုပေါင်း ၃၃၃၁ ဧက စိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်တဲ့ သဘာဝမြေဩဇာနဲ့ သဘာဝဆေးတွေကိုလည်း တောင်သူတွေလက်လှမ်းမီ အလွယ်တကူ သုံးစွဲနိုင်အောင် မြို့နယ်တောင်သူ အကျိုးဆောင်အသင်း (FFA)က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောပြသည်။

ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရေး၊ အရည်အသွေးမြင့် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများတွင် ထုတ်လုပ်သူရော စားသုံးသူပါအစားအစာ ဘေးကင်းလုံခြုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့်တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ၊ ထို့ပြင် စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ ဒေသတွင်းရှိ တောင်သူများကို သီးနှံဝင်ငွေအကျိုးအမြတ်ရရှိစေရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် သီးနှံများ စိုက်ပျိုးခြင်း၊ စိုက်ပျိုးသီးနှံများပေါ်ချိန်တွင် တောင်သူများအတွက် သင့်တင့်မျှတသော သီးနှံဈေးနှုန်းများရရှိစေရေး တောင်သူစုပေါင်းသီးနှံရောင်းချပွဲများကျင်းပပေးခြင်းတို့ကိုပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုဆုပေးအပ်ပွဲကျင်းပ

## ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများတွင် (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်တွင် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် ဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ၊ အပြေးပြိုင်ပွဲနှင့် အိတ်စွပ်ပြိုင်ပွဲများကျင်းပရာ ဆုရရှိသူများနှင့် ဖူဆယ်ဘောလုံးအသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။



အားကစားပြိုင်ပွဲများကို ပြည်သူများ စိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင်ပါဝင်လာရန်၊ ကျန်းမာကြံ့ခိုင်လာစေရန်နှင့် ထူးချွန်သည့် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးဆောင်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဦးကျော်ကျော်အောင်**

## မြဝတီ

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကရင်ပြည်နယ် မြဝတီခရိုင် ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၆ နှစ်အောက် အမျိုးသားကျောင်းပေါင်းစုံ ဘောလုံးနှင့် ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်တွင် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက အားကစားနည်းအလိုက်ယှဉ်ပြိုင်ကြပြီး မြဝတီခရိုင်ပညာရေးကော်မတီ ဥက္ကဋ္ဌဖလား အသက် ၁၆ နှစ်အောက် အမျိုးသားကျောင်းပေါင်းစုံပြိုင်ပွဲဝင်အသင်းလိုက်အားကစားသမားများက ကွင်းအတွင်း နေရာယူပြီး နိုင်ငံတော်အလံအလေးပြုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲစဉ်သို့တက်ရောက်ခဲ့သည့် ရေပူအခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့်အင်ကြင်းမြိုင်အခြေခံပညာအလယ်တန်းကျောင်းတို့ ယှဉ်ပြိုင်ကစားကြရာရေပူအခြေခံပညာအထက်တန်းကျောင်း(ခွဲ)က အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲအလိုက်ပထမ၊ ဒုတိယ၊ တတိယဆုများ၊ ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဒိုင်းဆုကြီးများ အသီးသီးပေးအပ်ကြကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

## စစ်ကိုင်း

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ နှစ်(၇၀၀)ဘောလုံးကွင်းနှင့် မြို့မအားကစားခန်းမ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများဆုပေးပွဲကို ဇန်နဝါရီလ ၄ ရက် ညနေပိုင်းက ကျင်းပသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကလပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကလပ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ၊ ကလပ်ပေါင်းစုံ Ground Tennis ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများမှ ကလပ်အသင်း ၁၀ သင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ကလပ်အသင်းလေးသင်း၊ ကိုယ်ပိုင်ကျောင်းများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများကဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုရရှိကြသည့် အသင်းများအား စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်စွာမောင်စိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၄ ရက် ညနေ ၄ နာရီတွင် မြို့မအားကစားကွင်း၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ကပအသင်းနှင့် စလွန်အော်ငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကပအသင်းက ၂ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလားကို ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအား ဆက်လက်ကျင်းပရာ ပထမဆုရရှိသောအသင်းအား တံခွန်စိုက်ဆုဖလားနှင့်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ အပြေးပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့်တာဝန်ရှိသူများက အသီးသီးပေးအပ်ကြောင်း သိရသည်။

**ထက်မြင့် (ကျွန်းစု)**

## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြည်သူ့အားကစားကွင်း၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က ပြိုင်ပွဲများတွင် အားကစားပြိုင်ပွဲများစီစဉ်ပြုလုပ်ပေးခြင်းသည် ကိုယ်ကာယကျန်းမာကြံ့ခိုင်စေခြင်းနှင့် ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်စေခြင်းကိုရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အားကစားနည်းများအလိုက် နည်းစနစ်မှန်ကန်စွာ လေ့ကျင့်ကစားနိုင်ခြင်းကြောင့် ထူးချွန်ထက်မြက်သော အားကစားသမားများအဖြစ် ရရှိစေနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်လွန်ဆွဲပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ မီတာ(၁၀၀)အပြေးပြိုင်ပွဲ၊ အိတ်စွပ်ပြေးပြိုင်ပွဲ၊ ခြေပူးပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ နောက်ပြန်ပြေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဂုဏ်ပြုငွေနှင့်ဆုတံဆိပ်များ အသီးသီးပေးအပ်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများတွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိ

ထားဝယ် ဇန်နဝါရီ ၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်၌ ခင်းကျင်းပြသထားသော (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများအား လာရောက်ကြည့်ရှုသူ ဒေသခံပြည်သူများဖြင့် ဇန်နဝါရီလ ၅ ရက် နံနက်ပိုင်းတွင် စည်ကားလျက်ရှိသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းတွင် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခင်းကျင်းပြသထားလျက်ရှိရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြခန်းများအတွင်း၌ ဌာနဆိုင်ရာများ၏လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုပြကွက်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ တိုင်းဒေသကြီးအတွင်းမှထွက်ရှိသော ဒေသထွက်ကုန်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများနှင့် တူရိယာပစ္စည်းများ၊ ပိုလီတက္ကနစ်တက္ကသိုလ်(ထားဝယ်)က ပြသထားသည့် Product Show၊ သင်ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းနှင့် Reference Book များ၊ ဒေသတွင်းရှိ MSME စီးပွားရေးလုပ်ငန်းများ၏ ပြခန်းများပြသထားကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**




❍ **ကျောဖုံးမှအဆက်**

နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခေးပြတိုက်လုယက်ခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် နေ့လယ် ပိုင်းတွင် ပြင်ဦးလွင်မြို့မှခွင့်ပြန်လာသည့်တပ်မတော်အရာရှိတစ်ဦးသည် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်းရှိ "Apollo"ဟိုတယ်၌ ကျင်းပပြုလုပ်သည့် ညီဖြစ်သူ၏မင်္ဂလာပွဲသို့သွားရောက်ခဲ့ပြီး ညီမဖြစ်သူနှင့်အတူ မော်တော်ယာဉ်ဖြင့်ပြန်လည်ထွက်ခွာစဉ် ဟိုတယ်ရှေ့ အထက်ဗဟိုလမ်းမပေါ်သို့အရောက်တွင်အကြမ်းဖက်သမား၂ဦးမှ ပစ္စတိုဖြင့် ၃ ချက် ပစ်ခတ်ထွက်ပြေးသွားခဲ့ရာ တပ်မတော်အရာရှိတွင် ယာလက်ဖျံဖောက်ဝင်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် ညီမဖြစ်သူတွင် ယာခါးရှပ်ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)တို့ရရှိသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူများ၏သတင်းပေးမှုများကြောင့်

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Together Urban Force အမည်ခံအကြမ်းဖက်အဖွဲ့မှတရားခံများအား လက်နက်/ခဲယမ်းနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား





၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံမီးပွိုင့်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့်မှတ်တမ်းဓာတ်ပုံ။


၂၀၂၄ခုနှစ်၊ မေလ ၆ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့်မှတ်တမ်းဓာတ်ပုံ။



၂၀၂၄ခုနှစ်၊ မေလ ၃၀ ရက်တွင် အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်ရှိ ကောင်းသန့်ထမင်းဆိုင်၌ ရစဖမှူး ဦးစောဝင်းလွင်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့မှ တရားခံ **မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို၊ နိုင်ဝင်းလတ်၊ နိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်**နှင့်မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို၏မိဘများဖြစ်သည့် **သန်းအောင်၊ ချိုမာလွင်**တို့ ၅ ဦးအား အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်လမ်း၊ ရတနာသိခ်ဘုန်းကြီးကျောင်းဝင်းအတွင်းရှိစူပါပါဝါကိုမွန်လေး ကားဆေးဘော်ဒီရုံ၌ **ဒီတိုနိတာ ၅၀၀ ချောင်း၊ ယမ်းကြိုး(၂၀၀ ပေ)၁ ခွေ၊ နိုက်ထရိုကလယ်ဇင်း ၅၀ ကျပ်သား၊**

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ရတနာသိခ်ဘုန်းကြီးကျောင်းတိုက်အတွင်း၌ လက်နက်/ခဲယမ်းများ သိုဝှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ အနန္တဂုဏ်ရည် ကျောင်းဆောင်ဒုတိယထပ်အခန်းအတွင်းမှ **ပွိုင့် 38 Special အမျိုးအစားခြောက်လုံးပြူး သေနတ် ၁ လက်၊ ၎င်းကျည် ၂၅ တောင့်၊ TNT ယမ်းတောင့် ၂ တောင့်၊ ဒီတိုနေတာ ၃၅ ချောင်း၊ ပန်းရောင်ယမ်းမှုန့် ၅၀ ကျပ်သားနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ**အား


၂၀၂၄ခုနှစ်၊ မေလ ၁၂ ရက်တွင် အင်းစိန်မြို့နယ်၊ ပေါက်တောဝမီးပွိုင့်ရှိ ဆက်သွယ်ရေး Box အား မိုင်းထောင်ဖောက်ခွဲခဲ့သည့်မှတ်တမ်းဓာတ်ပုံ။



၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အင်းဝဘဏ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။


၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ ဘုန်းကြီးလမ်းမီးပွိုင့်အနီး၌တွေ့ရှိခဲ့သည့် လက်လုပ်မိုင်း၏မှတ်တမ်းဓာတ်ပုံ။

**လက်လုပ်ဗုံး ၁ လုံး၊ ယမ်းမှုန့်(ရောစပ်ပြီး) ၃ ပိဿာ၊ ပုလဲ ၅၀ ပိဿာ၊ Black Powder ၂၀ ကျပ်သား**တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သော လက်နက်/ ခဲယမ်းများအား ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးကောင်းလမ်း၊ အမှတ်(၅၂၈)၊ (မြေညီထပ်) အခန်းတွင် နေထိုင်သည့်ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **စွမ်းထက်(ခ)အေရှန်**နှင့် **ဇွန်ပွင့်ဖြူ**တို့ထံတွင် သိမ်းဆည်းထားကြောင်းသိရှိရသဖြင့် အဆိုပါနေ့ နေ့လယ်ပိုင်းတွင် သွားရောက်ရှာဖွေခဲ့ရာ ၎င်းတို့ ၂ ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ဖမ်းဆီး

ရန်ကျန် တရားခံ**စွမ်းထက်(ခ)အေရွှန်**၏ မိခင်ဖြစ်သူ ခင်ယုဆွေအား နေအိမ်မီးဖိုခန်းအတွင်းမှ **Sig Sauer ပစ္စတိုသေနတ် ၂ လက်၊ ကျည်အိမ် ၃ ခု၊ 9mm Thai Arms ကျည် ၁၅ တောင့်၊ 9mm Luger ကျည် ၉ တောင့်၊ လက်လုပ်ဗုံး ၁ လုံး**တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **မိုးထက်အောင်(ခ) မိုးထက် (ခ)တိမ်ညို**၏ထွက်ဆိုချက်အရ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် နေ့လယ်ပိုင်းတွင် တရားခံ ထက်အောင်လှိုင်အား အင်းစိန်မြို့နယ်၊ ဗဟိုလမ်း၊ မီးရထားဒီဇယ်စက်ခေါင်းစက်ရုံဝင်ပေါက်အနီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ချိတ်ဆက်ပေးမှုဖြင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့သွားရောက်၍ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအထိ နေထိုင်ခဲ့ကြောင်း၊ ဩဂုတ်လခန့်တွင် အကြမ်းဖက်သင်တန်းတက်ရောက်စဉ် ရင်းနှီးခဲ့သူ ဖမ်းဆီးရန်ကျန်တရားခံ **အဲရစ်အောင်ငြိမ်း** သည် Messenger မှတစ်ဆင့် ဆက်သွယ်၍ PDF အကြမ်းဖက်အဖွဲ့များအတွက် ထောက်ပို့လုပ်ငန်းများလုပ်ဆောင်ရာတွင် လာရောက်ကူညီပေးရန်ပြောကြားခဲ့သောကြောင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှ ရန်ကုန်မြို့သို့ပြန်လာခဲ့ပြီး **မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို** နေထိုင်သည့် ရတနာသိင်္ခ်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ သွားရောက်နေထိုင်ခဲ့ကြောင်း၊ ၎င်းနောက် လူမှုကွန်ရက် Facebook စာမျက်နှာတွင်





၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ ဦးချစ်မောင်အိမ်ရာ၊ 29 ရွှေဆိုင်ရှေ့မီးစက်ဘေး၌ တွေ့ရှိသည့် လက်လုပ်မိုင်း၏မှတ်တမ်းဓာတ်ပုံ။



အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ရတနာသိင်္ခ်ဘုန်းကြီးကျောင်းဝင်း၌ဖမ်းဆီးရမိသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ရတနာသိင်္ခ်ဘုန်းကြီးကျောင်းဝင်း၌ ထပ်မံသိမ်းဆည်းရမိသည့်ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်ရှိနေအိမ်တွင် ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများမှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် **တရားခံ ကျား ၅ ဦး၊ မ ၂ ဦး၊ စုစုပေါင်း ၇ ဦး**တို့အား **Sig Sauer ပစ္စတိုသေနတ် ၂ လက်၊ ၎င်းကျည်အိမ် ၃ ခု၊ 9mm ကျည် ၂၄ တောင့်၊ ပွိုင့် 38 Special အမျိုးအစား ခြောက်လုံးပြူးသေနတ် ၁ လက်၊ ၎င်းကျည် ၂၅ တောင့်၊ လက်လုပ်ဗုံး ၂ လုံး၊ TNT ယမ်းတောင့် ၂ တောင့်၊ ဒီတိုနေတာ ၅၃၅ ချောင်း၊ ယမ်းမှုန့် ၃ ပိဿာ ၅၀ ကျပ်သား၊ နိုက်ထရိုကလယ်ဇင်း ၅၀ ကျပ်သား၊ ပုလဲ ၅၀ ပိဿာ၊ Black Powder ၂၀ ကျပ်သား၊ ယမ်းကြိုး(၂၀၀ပေ)၁ခွေဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ** နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ **ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်** နှင့် **မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို** တို့ ၂ ဦးသည် ၂၀၂၁ ခုနှစ်၊ မတ်လခန့်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ဝိုင်ချို၊ နေမင်း** တို့နှင့်အတူ ကော့မှူးမြို့နယ်၊ ၄က်အော်စမ်းကျေးရွာအနီးတွင် PDF အကြမ်းဖက်သင်တန်းအား သင်တန်းသားအင်အား ၁၇ ဦးဖြင့် ၇ ရက်အားလည်းကောင်း၊ **ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ) ပါပီလွန်**သည် ၂၀၂၁ ခုနှစ်၊ ဇွန်လခန့်တွင် မြဝတီမြို့နယ်၊ လေးကေ့ကော်မြို့သစ်အနီး KNLA တမဟ(၆)နယ်မြေတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း အမှတ်စဉ်(၁)အား သင်တန်းသားအင်အား ၂၀ ဦးဖြင့် ၁၀ ရက်အားလည်းကောင်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်** သည် အကြမ်းဖက်သင်တန်းဆင်းပြီးနောက် လူမှုကွန်ရက်မှတစ်ဆင့် ရင်းနှီးခဲ့သူ ဖမ်းဆီးရန်ကျန်တရားခံ **ခင်လင်းလင်း**၏ **"ဆာကူရာ"**အမည်ဖြင့် အကောင့်ဖွင့်လှစ်၍ ထောက်ပံ့ငွေများကောက်ခံခဲ့ပြီး ရရှိလာသောငွေကြေးများအား **အဲရစ်အောင်ငြိမ်း** ထံသို့ Kpay မှတစ်ဆင့် လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်**၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလခန့်တွင် ယခင်ငွေကြေးထောက်ပံ့ပေးနေသည့် ထိုင်းနိုင်ငံတွင်နေထိုင်သူ ဖမ်းဆီးရန်ကျန်တရားခံ **ကိုမျိုး(ခ)ဆရာကျောင်း(ခ) ဦးလေးကြီး**ထံသို့ Telegram မှတစ်ဆင့် ဆက်သွယ်ပြီး ထောက်ပံ့ငွေတောင်းခံခဲ့ရာ ၎င်းမှအကြမ်းဖက်အဖွဲ့ ၁ ခု ဖွဲ့စည်းပါက ငွေကြေးထောက်ပံ့ပေးမည်ဟု ပြောကြားခဲ့သည့်အတွက် Together Urban Force အမည်ခံအကြမ်းဖက်အဖွဲ့အား **ခိုင်မင်းစိုး (ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်** မှခေါင်းဆောင်၍ **မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို၊ နိုင်ဝင်းလတ်**၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့်**စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူ**တို့ ၅ ဦးဖြင့်စတင်ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

Together Urban Force အမည်ခံ အကြမ်းဖက်အဖွဲ့သည် **ကိုမျိုး(ခ)ဆရာကျောင်း(ခ) ဦးလေးကြီး** ၏ခိုင်းစေမှုဖြင့် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ၆ ကြိမ်၊ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု ၂ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သမိုင်းလမ်းဆုံရှိလုံခြုံရေးဘန်ကာအား ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ခင်ဇော်ဝင်း**နှင့် **ထိုက်လင်း** တို့ ၂ ဦးမှ လက်လုပ်ရီမုမိုင်းဖြင့် ဖောက်ခွဲခဲ့ပြီး ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း(ခ)ပါပီလွန်၊ မိုးထက်အောင်(ခ) မိုးထက် (ခ)တိမ်ညို၊ ထက်အောင်လှိုင်တို့ ၃ ဦးမှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား နိုင်ဝင်းလတ်၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူ**တို့ ၃ ဦးမှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- မေလ ၁၂ ရက်တွင် အင်းစိန်မြို့နယ်၊ ပေါက်တောဝမီးပွိုင့်ရှိ ဆက်သွယ်ရေး Box အား ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း (ခ) ပါပီလွန်နှင့်မိုးထက်အောင်(ခ)မိုးထက် (ခ)တိမ်ညိုတို့ ၂ ဦးမှ လက်လုပ်ရီမုမိုင်းဖြင့်ဖောက်ခွဲခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ **ခင်ဇော်ဝင်း**မှအခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- မေလ ၃၀ ရက်တွင် အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ကောင်းသန့်ထမင်းဆိုင်၌ ရစဖမှူး ဦးစောဝင်းလွင်အား ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း (ခ) ပါပီလွန်၊ ဖမ်းဆီးရန်ကျန်တရားခံ **စွမ်းထက်(ခ)အေရွှန်**တို့ ၂ ဦးမှ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် မိုးထက်အောင်(ခ) မိုးထက် (ခ) တိမ်ညိုမှ အခြေအနေစောင့်ကြည့်ပေးခဲ့ပြီး လူထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း။
- ဇူလိုင်လ ၈ ရက်တွင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အင်း၀ ဘဏ်အား ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း (ခ)ပါပီလွန်နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စွမ်းထက် (ခ) အေရွှန်၊ ဇွန်ပွင့်ဖြူ၊ သူရိန်ဝင်း (ခ) ဘူးသီး**တို့ ၄ ဦးမှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ဩဂုတ်လ ၁၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ ဘုန်းကြီးလမ်းရှိ ယာဉ်ထိန်းရုံး(အဟောင်း)အား ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **စွမ်းထက်(ခ) အေရွှန်၊ ဇွန်ပွင့်ဖြူ၊ သူရိန်ဝင်း (ခ) ဘူးသီး**တို့ ၃ ဦးမှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- အောက်တိုဘာလ ၁၂ ရက်တွင် တာမွေမြို့နယ်၊ ဦးချစ်မောင်လမ်းရှိ 29 ရတနာရွှေဆိုင်အား ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း (ခ)ပါပီလွန်၊ မိုးထက်အောင်(ခ)မိုးထက် (ခ)တိမ်ညိုနှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စွမ်းထက် (ခ) အေရွှန်၊ ဇွန်ပွင့်ဖြူ**တို့ ၄ ဦးမှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ဒီဇင်ဘာလ ၂၂ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ်(၁၃)ရှိ Apollo Hotel ရှေ့တွင် တပ်မတော်အရာရှိနှင့် ညီမဖြစ်သူတို့အား မိုးထက်အောင် (ခ) မိုးထက်(ခ)တိမ်ညိုနှင့် ဖမ်းဆီးရန်ကျန်တရားခံ **သောကြာ(ခ)ကောင်းဆက်သွေး(ခ)အောင်မြတ်သူ**တို့ ၂ ဦးမှ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း(ခ) ပါပီလွန်၊ နိုင်ဝင်းလတ်၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူ၊ ဉာဏ်လင်းထက်(ခ)ယဉ်လတ်**တို့ ၅ ဦးမှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ ခဲယမ်းများအား ဖမ်းဆီးရန်ကျန် တရားခံ **ကိုမျိုး(ခ) ဆရာကျောင်း(ခ)ဦးလေးကြီး**မှ ဖမ်းဆီးရန်ကျန် တရားခံ **သောကြာ(ခ)ကောင်းဆက်သွေး(ခ)အောင်မြတ်သူ**နှင့် ချိတ်ဆက်၍ ပို့ဆောင်ပေးခြင်းဖြစ်ပြီး ဆောင်ရွက်ပြီးပါက လူမှုကွန်ရက်တွင်တင်၍ ထောက်ပံ့ငွေတောင်းခံခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Domestic travel expects to increase in early 2025

YANGON January 5

According to the Myanmar Tourism Federation (MTF), domestic travel in Myanmar is expected to increase further in early 2025, following a surge in beachgoers and visitors to the Bagan region during December 2024.

Since November, the Taunggyi Tazaungdine Hot-Air Balloon Festival has attracted domestic travellers to Shan State (South). Visitor numbers to beach destinations have risen steadily throughout the year, while the Bagan region has also experienced consistent monthly growth in tourist arrivals.

"In December, we saw more domestic visitors than anticipated. Hotels have been fully booked since the start of the month, leaving no vacancies. December and January are set to witness a significant rise in travel activity. The beaches are busier than usual, and many hotels in Bagan are already fully booked. Additionally, there is strong interest in short trips to destinations like Kyaiktiyo and Hpa-an. Travel to Shan State's Kalaw, Pindaya, and Taunggyi is also particularly popular in December," said an official from the MTF.



Meanwhile, the number of foreign visitors to Myanmar typically declines in December. During the 10 months, most international tourists came from Thailand, China, South Korea, Japan, India, and Vietnam, with 898,971 foreign arrivals reported.

SMK

# Green pea marketable in Hinthada Township

HINTHADA January 5

"Trading of green pea is good in the domestic market in Hinthada Township of Ayeyawady Region," said Daw Ei Ei Khaing, the owner of pulses and beans trading in Hinthada Township.

Starting from the second week of November, green pea trading is high in Hinthada Township.

Daw Ei Ei Khaing retold: "Green pea trading in November is higher than last month. Due to rising domestic consumption, green pea trading is booming. At present, merchants trade green pan which were stored last winter. Good trading process helps local people seek job opportunities."

Merchants operate sorting of green pea in Hinthada Township and send it to customers.

SK

# Mawlamyinegyun supplies 75,000 bags of Thai Baygya rice to Yangon market

MAWLAMYINEGYUN January 5

"Merchants from Mawlamyinegyun Township of Ayeyawady Region sent 75,000 bags of Thai Baygya rice to Yangon market," said Daw Lin Lin, the owner of rice and paddy trading centre in Mawlamyinegyun Township.

They sent 50,000 bags of Thai Baygya rice to Yangon market in October but 75,000 bags in November.

Daw Lin Lin explained: "Mawlamyinegyun Township sold 75,000 bags of Thai Baygya rice to Yangon market in November. Local merchants emphasize sale of agricultural products to Yangon market only. Thai Baygya rice is non-premium one. Due to high demand from Yangon market, local merchants can rise sale of rice to the market."

Due to high trading of rice, those in the production chain including freight workers and truck drivers are convenient in their livelihoods.

SK

# Monywa District grows over 1,000 acres of winter onions

MONYWA January 5

A total of 1,189 acres of onions have been plantedin this year winter crops planting season in Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa District.

During the 2024-2025 winter crops planting season, 11,250 acres of onions are planned to be planted in Monywa District, and since October this year, 1,189 acres have been planted.

"We are working to be able to plant the targeted acres. Onion cultivation is as usual. We are helping the onion growers to connect with onion markets to get a good price," said Daw San San Myint, head of the Department of Agriculture for Monywa District.

The onion cultivation by townships in Monywa District are as per following: 411 acres in Monywa Township, 238 acres in Budalin Township, 155 acres in Ayadaw Township, and 385 acres in ChaungU Township, totalling 1,189 acres.

According to onion growers, one acre of onion costs around Ks-1.8 million, and the yield per acre is 5,000 visses.

SK



# Myinmu Township harvests over 1,000 acres of rain-fed rice

MYINMU January 5

A total of 1,208 acres of rain-fed rice planted in this year rain crops planting season in Myinmu Township, Sagaing District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Sagaing District.

In Myinmu Township, during this year's rain crops planting season, 13,692 acres of rain-fed rice were planted, and the rain-fed rice have been harvested since October this year. Till date, 1,208 acres have been harvested and the yield per acre is 84.77 baskets.

"For rain rice cultivation, the farmers can plant more than the allotted acres at this time. We provided the necessary technology and types of rain-fed rice for cultivation. We have conducted the field work so that farmers can plant rain rice on time," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The department offered agricultural technology, pest prevention education, crop protection strategies, and guidance on the timely storage of harvested rice under shelter to farmers in Myinmu Township.

SMK

# State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Strawberries from Shan State increase demand in the local market



YANGON January 5

Now, strawberries are being harvested abundantly in Shan State's Taunggyi and loads of orders have been on the rise.

Orders have been placed from Dawei, Hpa-an and Myawady and the price has fallen now compared to the beginning of harvest season in November.

"Strawberry production has been plentiful now. Orders have been on the rise too. Even we have to request to wait. We are unable to transport daily because the supply is inadequate," said Ma Sandi Taya, a fruit retail and wholesale distributor from Taunggyi Township.

Strawberry is one of the most-consumed fruits and among the best-selling seasonal fruits in Myanmar. This year's strawberry production is larger than that of last year and it is mainly grown in Hopong Township.

**SMK**

# Myanmar exports over 1.7 million tons of maize in this FY

YANGON January 5

According to the Myanmar Corn Industrial Association, Myanmar has exported over 1.7 million tons of maize to foreign markets so far this FY.

Maize prices stay on an upward trajectory on high foreign demand. Myanmar's maize is currently sent to India, the Philippines and Vietnam via maritime trade. They are also delivered to Thailand through the Tachilek border.

Thailand gives the green light for maize imports under zero tariff (with Form D), between 1 February and 31 August. However, Thailand imposes a maximum tax rate of 73 percent on maize imports to protect the rights of their growers if the maize is imported during the maize season of Thailand.

Additionally, China has been purchasing Myanmar's maize through cross-border trade under the alternative development programme. Legitimate maize trade between Myanmar and China commenced at the end of 2022. A total of 112 Myanmar companies have been permitted for maize exports.

Myanmar shipped over two million tonnes of maize to foreign trade partners in the 2022 corn season, and the majority of them went to Thailand, according to the Myanmar Corn Industrial Association.

The corn is cultivated in Shan, Kachin, Kayah and Kayin states and Mandalay, Sagaing and Magway regions. Myanmar has three corn seasons – winter, -winter, summer and monsoon. Myanmar's annual corn output is estimated at 2.5-3 million tons.

**SK**

# Bitter gourd in high trading in Kyaiklat Township

KYAIKLAT January 5

"Bitter gourd produced by Kyaiklat Township of Ayeyawady Region is high demand with good trading in the market," said Daw Thida, the owner of green grocery wholesale centre in Kyaiklat Township.

Starting from the second week of November, bitter gourd is in high demand at the market. In the domestic market, some 25,000 pieces of bitter gourds are being traded daily.

Daw Thida explained: "Bitter gourds produced by Kyaikat Township is in good trading. It was planted in monsoon. The township produces quality fruits. Local farmers produce quality and healthy fruits."

In the domestic market in Kyaiklat Township, bitter gourd is fetching Ks-20,000 per 100 fruits. Local merchants and farmers dispatch bitter gourds and other green groceries to Pathein, Kyaunggon, Pantanaw and Maubin townships.

**SK**

# India's Coast Gurad helicopter crashes in Gujarat, killing 3

NEW DELHI January 5

A helicopter belonging to the Indian Coast Guard crashed Sunday in the western state of Gujarat, killing all three crew members, including two pilots, on board, police said.

The Advanced Light Helicopter (ALH) Dhruv crashed during a routine training sortie at Porbandar airport, about 416 km west of Gandhinagar, the capital city of Gujarat.

Officials said the helicopter experienced technical difficulties, resulting in its crash.

The three crew members were immediately removed from the spot and rushed to a hospital in severely burnt condition after the helicopter crashed and went into flames.

"Unfortunately, all the three crew members have lost their lives in the accident," a senior police official in Porbandar, Bhagirath Singh Jadeja said.

According to Jadeja, the accident took place around 12:10 p.m. (local time) when the helicopter attempted to land at Porbandar airport.

Indian police and Coast Guard were investigating the cause of the crash, he said.

Local television channels showed thick black smoke rising from the crashed helicopter at the airport.

**Xinhua**

# California egg prices continue to rise amid bird flu outbreaks

LOS ANGELES January 5

California's egg prices have continued to rise due to ongoing outbreaks of the highly pathogenic avian influenza (HPAI) or bird flu, according to a latest report from the U.S. Department of Agriculture (USDA).

According to the report released Friday, the benchmark price for a dozen large shell eggs in the Golden State rose 0.78 U.S. dollars to 8.97 dollars, while in Southern California, the whole-sale price for a dozen jumbo eggs averaged 8.91 to 9.10 dollars.

Jumbo eggs are the largest size of chicken eggs as classified by the USDA, followed by extra large, large and medium in levels.

Meanwhile, a weekly report issued by the USDA on Friday concluded that the nationwide egg price "began to show some retreat from recent record-high levels, but the undertone remains firm."

Recent wholesale price on the New York market for large cartoned shell eggs delivered to retailers rose 0.12 to 6.06 dollars per dozen. The price was 3.13 dollars in October, and 2.13 dollars one year ago.

"The rate of shell egg demand held through the final weeks of 2024 -- despite record-high prices in many retail markets across the nation -- is driven by rising concerns about the limited availability of shell eggs at some grocery stores across the nation," the USDA weekly report said.

The USDA blamed the eggs' surging prices and supply concerns on "persistent and significant outbreaks of the HPAI in commercial table egg layer flocks through December," which have led to the culling of millions of egg-laying hens.

In late December, the Centers for Disease Control and Prevention reported that 128,907,392 wild aquatic birds, commercial poultry, and "backyard or hobbyist flocks" were infected by bird flu in the United States, compared to 111,412,626 recorded on December 2. Bird flu infections have been reported in all 50 states of the country.




California egg prices continue to rise amid bird flu outbreaks.

**Xinhua**

# Japanese woman, world's oldest person, dies at 116



Japanese woman, world's oldest person, dies at 116.

TOKYO January 5

Tomiko Itooka, a 116-year-old Japanese woman recognized as the world's oldest person, has died of old age in western Japan, according to local authorities.

Itooka died on December 29 in a nursing home for the elderly in the city of Ashiya where she resided, the city government in Hyogo Prefecture said Saturday.

Born on May 23, 1908, Itooka became the oldest living person in Japan in December 2023 following the death of Fusa Tatsumi, a 116-year-old in Kashiwara, Osaka Prefecture, a Hyogo neighbor.

Itooka was subsequently recognized as the world's oldest living person by Guinness World Records in September 2024, following the death of the previous holder, 117-year-old Maria Branyas in Spain. **Xinhua**

# Israel warns Hezbollah to withdraw forces or risk ceasefire collapse

JERUSALEM January 5

Israel's Defence Minister Israel Katz issued a stern warning to Hezbollah on Sunday, stating that if the armed group does not withdraw all forces north of the Litani River, Israel will break the ceasefire agreement.

The terms of the ceasefire mandate Hezbollah to pull its fighters and weapons north of the Litani River by January 26. By the same date, Israel must fully withdraw its forces south of the Blue Line, the United Nations-demarcated border between Lebanon and Israel, while the Lebanese army is to deploy forces to the area.

Speaking on Sunday during a visit to Israel's Northern Command, Katz said Israel remains committed to enforcing the agreement. "Israel seeks to uphold the agreement in Lebanon," he stated.

However, he claimed that Hezbollah has not completed the withdrawal of its forces. "If this condition is not met -- there will be no agreement," he said.

The ceasefire agreement ended months of cross-border fighting between Israel and Hezbollah that began in October 2023. However, Israel has continued limited operations, claiming to target Hezbollah militants violating the truce. Lebanon and France have accused Israel of dozens of ceasefire violations, further highlighting the fragile truce.

**Xinhua**

# 35 evacuated after fire breaks out in eastern Singapore

SINGAPORE January 5

About 35 residents were evacuated early Sunday morning after a fire broke out in a vacant three-story semi-detached house in eastern Singapore, authorities said.

The Singapore Civil Defence Force (SCDF) reported that it was alerted to the fire at about 12:45 a.m.. Firefighters from the Kallang Fire Station and the PayaLebar Fire Station arrived to find the blaze engulfing the first floor and spreading to the upper levels.

The fire was fully extinguished by around 3:00 a.m., with the upper floors of the affected house sustaining smoke and burn damage. An adjacent unit was also impacted.

No injuries were reported. Approximately 35 residents from neighboring properties were evacuated as a precaution.

The cause of the fire is currently under investigation.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 19 Present tenses (I am doing / I do) for the future

### Exercises

**19.1 Complete the sentences. Use the present continuous or present simple.**

1 A: Tina, are you ready yet?
B: Yes, I'm coming (I / come).
2 A: ..................................................(you / go) to Sam's party on Saturday?
B: No, I haven't been invited.
3 A: Has Jack moved into his new apartment yet?
B: Not yet, but .................................... (he / move) soon – probably at the end of the month.
4 A: .................................... (I / go) to a concert tonight.
B: That's nice. What time ....................................... (it / start)?
5 A: Have you seen Chris recently?
B: No, but .................................................. (we / meet) for lunch next week.
6 A: ............................................... (you / do) anything tomorrow morning?
B: No, I'm free. Why?
7 A: When .................................................... (this term / end)?
B: Next Friday. And next term ...................................................... (start) four weeks after that.
8 A: ............................................................ (We / go) to a wedding at the weekend.
B: Really? ....................................................... (Who / get) married?
9 A: There's football on TV later tonight. ........................................................ (you / watch) it?
B: No, I'm not interested.
10 A: What time is your train tomorrow?
B: It ................................................... (leave) at 9.35 and (arrive) at 12.47.
11 A: I'd like to go and see the exhibition at the museum. How long is it on for?
B: ..................................................... (It / finish) next week.
12 A: Do you need the car this evening?
B: No, you can have it. ....................................................... (I / not / use) it.

## Unit 20 I'm going to (do)

**A** **I am going to do** something = I have already decided to do it, I intend to do it:

- '**Are** you **going to eat** anything?' 'No, I'm not hungry.'
- A: I hear Sarah won the lottery. What **is** she **going to do** with the money?
  B: She**'s going to buy** a new car.
- **I'm** just **going to make** a quick phone call. Can you wait for me?
- This cheese smells horrible. **I'm not going to eat** it.

**B** **I am doing** and **I am going to do**

**I am doing** = it is already fixed or arranged. For example, you have arranged to go somewhere or meet somebody:

- **I'm leaving** next week. I've booked my flight.
- What time **are** you **meeting** Emily this evening?

**I am going to do** something = I've decided to do it. Maybe I've arranged to do it, maybe not.

- A: Your shoes are dirty.
  B: Yes, I know. **I'm going to clean** them.
  (= I've decided to clean them, but I haven't arranged this with anybody)
- I don't want to stay here. Tomorrow **I'm going to look** for somewhere else to stay.

Compare:

- I don't know what **I'm doing** tomorrow. (= I don't know my schedule or plans)
- I don't know what **I'm going to do** about the problem. (= I haven't decided what to do)

Oft en the diff erence is small and either form is possible.

**Raymond Murphy**

BUSINESS & TECHNOLOGY

# ထရမ့်၏အခွန်တိုးမြှင့်ကောက်ခံမှုများကြောင့် အမေရိကန် အစုရှယ်ယာဈေးကွက်များ တည်ငြိမ်မှုပျက်ပြားနေမည်



မပြီးဆုံးနိုင်သေးသည့် ကုန်သွယ်ရေးစစ်ပွဲနှင့် မကြာမီတက်ရောက်လာမည့် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရမ့်၏ အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်များကြောင့် အမေရိကန်အစုရှယ်ယာဈေးကွက်များသည် ဆက်လက်၍တည်ငြိမ်မှုပျက်ပြားနေမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာ မူဝါဒချမှတ်သူများကပြောသည်။

အမေရိကန်သည် လက်ရှိတွင် တရုတ်နိုင်ငံနှင့်ဖြစ်ပွားနေသည့် ကုန်သွယ်ရေးအငြင်းပွားမှု သို့မဟုတ် ကုန်သွယ်ရေးစစ်ပွဲကို အပြီးသတ်နိုင်ခြင်းမရှိသေးသည့်အပြင် မကြာမီ သမ္မတသစ်အဖြစ် တက်ရောက်လာမည့် ထရမ့်အနေဖြင့် အမေရိကန်စီးပွားရေးကိုသာ ဦးစားပေးသည့် မူဝါဒများနှင့် ပထဝီနိုင်ငံရေးအခြေအနေများကြောင့် ယခု ၂၀၂၅ ခုနှစ်တွင် နိုင်ငံအတွင်းရှိ ငွေကြေးဈေးကွက်များအပေါ် သက်ရောက်လာနိုင်ကြောင်း ကျွမ်းကျင်သူများကပြောသည်။

ထရမ့်သည် ၎င်းသမ္မတအဖြစ်တာဝန်ယူပြီးနောက်ပိုင်းမှစ၍ အမေရိကန်နှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောထားကွဲလွဲနေသည့် နိုင်ငံများအပေါ် ကြီးလေးသည့် အခွန်များကောက်ခံခြင်း၊ အခွန်လျှော့ချခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်း သတိပေးထားသည်။

အမေရိကန်အနေဖြင့် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အခွန် ၆၀ ရာခိုင်နှုန်းကျော် ကောက်ခံမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားထားသည်။

ထရမ့်သည် ယခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုရန် စီစဉ်ထားသည်။

NA,ST

# ဗီယက်နမ်က ဟန်နွိုင်းမြို့အတွင်းပြေးဆွဲမည့်ယာဉ်အားလုံးကို လျှပ်စစ်ကားများဖြင့်အစားထိုးရန်စီစဉ်



ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းမြို့တော် အစိုးရသည် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် မြို့အတွင်းပြေးဆွဲနေသည့် ယာဉ်အားလုံးကို လျှပ်စစ်ကားများဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း မြို့တော်အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

ဟန်နွိုင်းမြို့တော်အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်သည် ကမ္ဘာပေါ်ရှိမြို့ကြီးများအနက် ဟန်နွိုင်းမြို့သည် လေထုအညစ်ညမ်းဆုံးမြို့အဖြစ် သတ်မှတ်ခံရပြီးနောက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းမရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ မြို့တော်ဟန်နွိုင်းတွင် မကြာမီရက်သတ္တပတ်များအတွင်း မြူများအုံ့ဆိုင်းခဲ့ပြီးနောက် ကမ္ဘာပေါ်တွင် လေထုအညစ်ညမ်းဆုံးမြို့ဖြစ်လာခဲ့သောကြောင့် မြို့တော်အာဏာပိုင်အဖွဲ့က တုံ့ပြန်လုပ်ဆောင်ရန်စီစဉ်ခဲ့ရခြင်းဖြစ်သည်။

ဟန်နွိုင်းမြို့ရှိ လေထုအတွင်း၌ ဘေးအန္တရာယ်ဖြစ်ပေါ်စေသည့်အမှုန်ပါဝင်မှုနှုန်းသည် ဇန်နဝါရီလ ၃ ရက်တွင် တစ်ကုဗမီတာတွင် ၂၆၆ မိုက်ခရိုဂရမ်ရှိကြောင်း၊ ယင်းပမာဏသည် လေထုအညစ်ညမ်းဆုံးသောမြို့များအနက် အမြင့်ဆုံးပမာဏဖြစ်ကြောင်း လွတ်လပ်သည့်အဖွဲ့ကြီးတစ်ခုဖြစ်သည့် ကမ္ဘာ့လေထုညစ်ညမ်းမှုသတင်းအချက်အလက်ထုတ်ပြန်ရေးအဖွဲ့ AirVisual က ထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင် စီးပွားရေးအလျင်အမြန်တိုးတက်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဒေသတွင်းကုန်ထုတ်လုပ်ရေးအချက်အချာတစ်ခုလည်းဖြစ်သည်။ သို့သော် နိုင်ငံအတွင်းရှိ မြို့ကြီးများ အထူးသဖြင့် ဟန်နွိုင်းမြို့တော်တွင် ပြင်းထန်သည့်လေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်ရလျက်ရှိသည်။

မြူခိုးများသည် များသောအားဖြင့် မော်တော်ယာဉ်များမှ ထုတ်လွှတ်သည့် မီးခိုးများ၊ အမှိုက်များကိုမီးရှို့ခြင်းနှင့် စက်မှုလုပ်ငန်းများမှထုတ်လွှတ်လာသည့် မီးခိုးများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

မြူခိုးများဖုံးလွှမ်းခြင်းကြောင့်သက်ကြီးရွယ်အိုများတွင် အသက်ရှူရကျပ်သည့် ဝေဒနာများကိုဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။

မြို့အတွင်းဖြစ်ပွားနေသည့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန်အတွက် မြို့အတွင်း မောင်းနှင်ပြေးဆွဲနေသည့် ဘတ်စကားနှင့် အငှားယာဉ်များအနက် အနည်းဆုံး ၅၀ ရာခိုင်နှုန်းကို လျှော့ချရန် မြို့တော်အာဏာပိုင်အဖွဲ့က လက်ရှိတွင် စီစဉ်လျက်ရှိသည်။

NA,ST

# သံမဏိများရောင်းချမည့်အစီအစဉ်ကို တားမြစ်ခြင်းက အမေရိကန်-ဂျပန်ဆက်ဆံရေးကို ထိခိုက်စေနိုင်




အမေရိကန်ပြည်ထောင်စုမှသံမဏိများကို ဂျပန်နိုင်ငံသို့ရောင်းချမည့်အစီအစဉ်အား အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က တားမြစ်မည့်အစီအစဉ်သည် မဟာမိတ်နှစ်နိုင်ငံကြားဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း အမေရိကန်မီဒီယာကြီးတစ်ခုက ဖော်ပြထားသည်။

ဒေါ်လာ ၁၄ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ အမေရိကန်သံမဏိများကို ဂျပန်နိုင်ငံမှ Nippon Steel ကုမ္ပဏီသို့ ရောင်းချမည့်အစီအစဉ်အား ဂျိုးဘိုင်ဒင်က ဟန့်တားရန် စီစဉ်နေခြင်းဖြစ်ပြီး အဆိုပါသံမဏိများအားဝယ်ယူရန် ဂျပန်ကုမ္ပဏီက ကမ်းလှမ်းထားခြင်းဖြစ်ကြောင်း အရင်းအမြစ်တစ်ခုက ဇန်နဝါရီလ ၃ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

သံမဏိရောင်းချမည့် အစီအစဉ်ကို အမေရိကန်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မတီက လပေါင်းများစွာကြာသုံးသပ်ခဲ့ပြီး ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ဂျိုးဘိုင်ဒင်ထံသို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက တင်ပြခဲ့ခြင်းဖြစ်သည်။

အမေရိကန်၏ အဆိုပါလုပ်ဆောင်ချက်သည် အမေရိကန်နှင့် မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျပန်တို့ကြားဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း Washington Post က ဖော်ပြထားသည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ အိမ်ဖြူတော်က တစ်စုံတစ်ရာထုတ်ပြန်ထားခြင်း မရှိပေ။

အမေရိကန်နိုင်ငံကထုတ်လုပ်သည့် သံမဏိများအား ပြည်တွင်း၌သာ ပိုင်ဆိုင်၊ အသုံးပြုစေရန်ဆန္ဒရှိကြောင်း ဂျိုးဘိုင်ဒင်က ယခင်ကပြောကြားထားသည်။

အလားတူပင် အမေရိကန်အစိုးရအနေဖြင့် အမေရိကန်-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေရေးလုပ်ဆောင်ရန် ဂျပန်ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာက ဘိုင်ဒင်ထံသို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ရေးသားထားသည့်စာတွင် တိုက်တွန်းခဲ့ကြောင်းသိရသည်။

NA,ST

# နိုင်ငံ့စီးပွားရေးတိုးတက်မှုကိုအရှိန်မြှင့်တက်စေရန်အတွက် နိုင်ငံအနောက်ပိုင်းဒေသများတွင်စီမံကိန်းများ တရုတ်ဖော်ဆောင်မည်

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တက်စေရန်အတွက် နိုင်ငံအနောက်ပိုင်းရှိ ဒေသများတွင် ဆောက်လုပ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်းများကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာတစ်ခုက ဖော်ပြသည်။

အဆိုပါစီမံကိန်းများသည် နိုင်ငံ၏ အနောက်ပိုင်းဒေသတွင်းရှိ မီးရထား၊ လေကြောင်း၊ မြစ်ကြောင်း၊ ပင်လယ်နှင့် ချိတ်ဆက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်နိုင်စေမည်ဖြစ်ကြောင်း တရုတ်အကောက်ခွန်ဆိုင်ရာ အထွေထွေစီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်သည်။ အဆိုပါစီမံကိန်းများတွင် ဆိပ်ကမ်းများတည်ဆောက်မည့် အစီအစဉ်များပါဝင်သည်။

အစိုးရကဖော်ဆောင်မည့် စီမံကိန်းများတွင် ချန်ဒူး၊ ချုန်ကင်း၊ ကူမင်း၊ ရှီအန်းနှင့် အူရွမ်ချီ စသည့်မြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင် နိုင်ငံတကာလေကြောင်းပျံသန်းရေးဆိုင်ရာအချက်အချာဒေသများတည်ဆောက်မှုကို တိုးမြှင့်မည်ဖြစ်ပြီး နယ်စပ်ဇုန်များကိုလည်းပိုမိုတိုးတက်လာစေရန် လုပ်ဆောင်မည်ဖြစ်သည်။

နိုင်ငံအနောက်ပိုင်းရှိဒေသများသည် အခြားဒေသများနှင့်ယှဉ်ပါကဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်နေခဲ့ခြင်းကြောင့် ယင်းဒေသများ၏စီးပွားရေးတိုးတက်မှုကို တိုးမြှင့်ရန် လုပ်ဆောင်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနောက်ပိုင်းရှိ ဒေသများတွင် စီချွမ်၊ ချုန်ကင်း၊ ယူနန်၊ ရှင်းကျန်း စသည့်ပြည်နယ်များပါဝင်ပြီး နိုင်ငံ့ကုန်းမြေ၏သုံးပုံနှစ်ပုံကိုလွှမ်းခြုံထားသည်။

NA,ST

# နိုင်ငံအတွင်းလုပ်ဆောင်မည့် အကြမ်းဖက်တိုက်ခိုက်မှုကြီး တစ်ရပ်ကို ရုရှားဖြိုခွင်းပြီး လူလေးဦးကိုဖမ်းဆီး



မော်စကို၊ အကြမ်းဖက်မှု

ရုရှားနိုင်ငံ ယူရယ်လ်ဒေသရှိ ယေကာတာရင်ဘာ့ဂ်မြို့၌ လုပ်ဆောင်ရန်စီစဉ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုကြီးတစ်ရပ်ကို ဖြိုခွင်းနိုင်ခဲ့ပြီး လူလေးဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ရုရှားပြည်ထောင်စုလုံခြုံရေးအဖွဲ့က ထုတ်ပြန်သည်။

လုံခြုံရေးအဖွဲ့သည် လက်လုပ်ဗုံးပြုလုပ်ရာတွင်အသုံးပြုသည့်အစိတ်အပိုင်းများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခံထားရသူများမှာ ရုရှားနိုင်ငံသား ဆယ်ကျော်သက်အရွယ်များဖြစ်ကြောင်း လုံခြုံရေးအဖွဲ့က ဇန်နဝါရီလ ၄ ရက်တွင် ပြောသည်။ သို့သော် ၎င်းတို့မှာ မည်သူမည်ဝါဖြစ်ကြောင်းကို ရုရှားလုံခြုံရေးအဖွဲ့က ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။

အဆိုပါဆယ်ကျော်သက်များသည် ရုရှားအစိုးရက တားမြစ်ထားသည့် အကြမ်းဖက်အဖွဲ့အစည်း၏ အယူအဆများကို မျှဝေခဲ့ကြပြီး လက်လုပ်ဗုံးဖြင့် အကြမ်းဖက်တိုက်ခိုက်ရန်စီစဉ်ခဲ့ကြကြောင်း သိရသည်။

ဖမ်းဆီးခံထားရသူ ဆယ်ကျော်သက်လူငယ်များအနက် နှစ်ဦးမှာ ယခင်က ပြည်ထဲရေးဝန်ကြီးဌာနပိုင် မော်တော်ကားတစ်စီးအား မီးရှို့တိုက်ခိုက်မှုတွင် ပါဝင်ခဲ့ဖူးကြောင်း Interfax သတင်းအေဂျင်စီက ဖော်ပြသည်။

Ref: ST

# ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အမျိုးသမီးကြီးသေဆုံး



တိုကျို၊ ပြည်တွင်းရေး

ဂျပန်နိုင်ငံမှ ကမ္ဘာ့အသက်အကြီးဆုံး အဖြစ်သတ်မှတ်ခံထားရသည့် အသက် ၁၁၆ နှစ်အရွယ် အမျိုးသမီးကြီး သေဆုံးသွားပြီဖြစ်ကြောင်း ဇန်နဝါရီလ ၄ ရက် ထုတ်ပြန်ချက်တစ်ခုအရ သိရသည်။

တိုမီကို အီတူကာအမည်ရှိ အဆိုပါအမျိုးသမီးကြီးသည် အာရှီယာမြို့ရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် သေဆုံးသွားခြင်းဖြစ်ကြောင်း မြို့တော်ဝန်ကထုတ်ပြန်ချက်တစ်ရပ်တွင် ပြောသည်။

အီတူကာသည် ၁၉၀၈ ခုနှစ်တွင် အိုဆာကာမြို့၌မွေးဖွားခဲ့သူဖြစ်ပြီး ကမ္ဘာ့အသက်အကြီးဆုံးအဖြစ် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်းက သတ်မှတ်ခံရခြင်းဖြစ်သည်။

၎င်းသည် ကမ္ဘာစစ်ကြီးနှစ်ခုစလုံး အပါအဝင် ရောဂါဖြစ်ပွားမှုများနှင့် နည်းပညာတိုးတက်မှုစသည့်ခေတ်ကာလအားလုံးကို ကြုံတွေ့ဖြတ်သန်းခဲ့သူ တစ်ဦးဖြစ်ပြီး ငယ်စဉ်က ဘော်လီဘောကစားသူဖြစ်ကြောင်းသိရသည်။

Ref: ST

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### တရုတ်နိုင်ငံရှိဈေးတစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ ရှစ်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိ

တရုတ်နိုင်ငံ ဟောပေးပြည်နယ် ကျန်းကျာကော့မြို့ရှိဈေးတစ်ခုတွင် ဇန်နဝါရီလ ၄ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူရှစ်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ထုတ်ပြန်သည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် ဟင်းသီးဟင်းရွက်များနှင့် အခြားမရှိမဖြစ်လိုအပ်သည့် အသုံးအဆောင်များရောင်းချရာဈေးတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ က ဖြစ်ပွားခြင်းဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်များက မီးအား ဒေသစံတော်ချိန်နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။

ယင်းနောက်တွင် ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မွန်းလွဲပိုင်းတွင် အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများတွင် အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိကြောင်းသိရသည်။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိသည်။

Ref: Xinhua

### စင်ကာပူတွင် လူနေထိုင်ခြင်းမရှိသည့် အဆောက်အအုံတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

စင်ကာပူနိုင်ငံတွင် ဇန်နဝါရီလ ၅ ရက်က လူနေထိုင်ခြင်းမရှိသည့် အဆောက်အအုံတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အာဏာပိုင်များက လူ ၃၅ ဦးကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုသည် ဒေသစံတော်ချိန် သန်းခေါင်ယံကျော်ပြီးစ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး မီးအား နံနက် ၃ နာရီခန့်မှသာ အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ကြောင်း စင်ကာပူပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ထားသည်။ မီးလောင်ကျွမ်းမှုသည် အဆိုပါအဆောက်အအုံ၏ ပထမထပ်မှစတင်ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အခြားအထပ်များသို့ ပျံ့နှံ့သွားခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုအတွင်း တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိသော်လည်း မီးလောင်ကျွမ်းမှုအား သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref: Xinhua

# ဂျပန်တွင် ကြက်၊ ငှက်တုပ်ကွေးကူးစက်မှု ဖြစ်ပွားပြီးနောက် ကြက်ကောင်ရေ ၅၀၀၀၀ ခန့်အား သုတ်သင်ရှင်းလင်း

တိုကျို၊ ကျန်းမာရေး

ဂျပန်နိုင်ငံမြောက်ပိုင်းရှိ မွေးမြူရေးခြံတစ်ခုတွင် ကြက်၊ ငှက်တုပ်ကွေးကူးစက်မှု ဖြစ်ပွားပြီးနောက် အာဏာပိုင်များက ဇန်နဝါရီလ ၅ ရက်တွင် ကြက်ကောင်ရေ ၅၀၀၀၀ ခန့်အား သုတ်သင်ရှင်းလင်းခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

အဆိုပါဖြစ်စဉ်သည် အီဝါတေးဒေသရှိ မွေးမြူရေးခြံတစ်ခုတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ယခုရာသီအတွင်း ၁၉ ကြိမ်မြောက်ဖြစ်ပွားသည့် ကူးစက်မှုဖြစ်ကြောင်း ဝန်ကြီးဌာနကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါမွေးမြူရေးခြံတွင် မွေးမြူထားသည့် ကြက်များ၏သေဆုံးမှုမှာ တဖြည်းဖြည်းမြင့်တက်လာပြီးနောက် ကြက်များကို သုတ်သင်လိုက်ရခြင်းဖြစ်ကြောင်းသိရသည်။

ထို့ပြင် အဆိုပါမွေးမြူရေးခြံမှ သုံးကီလိုမီတာအကွာရှိ အခြားမွေးမြူရေးခြံနှစ်ခုမှ ကြက်ကောင်ရေ ၁၇၀၀၀၀ အား အခြားဒေသသို့ ရွှေ့ပြောင်းခြင်းမပြုရန် အာဏာပိုင်များက တားမြစ်ထားသည်။

ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုသည် နိုင်ငံအရှေ့ပိုင်း အီဘာရာကီဒေသရှိ မွေးမြူရေးခြံတစ်ခု၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းမွေးမြူရေးခြံရှိ ကြက်ကောင်ရေ တစ်သန်းကျော်အား အာဏာပိုင်များက သုတ်သင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

Ref: ST

# လက်ချောင်းများရောင်ရမ်းစေသည့်အကြောင်းရင်းများ

ဒေါက်တာလွင်သန့်

လက်ချောင်းတွေရောင်ရမ်းပြီး ဝက်အူချောင်းလို၊ ကောက်ညှင်းထုပ်လိုမျိုးဖြစ်တာကို တချို့တွေ့ကြုံဖူးကြမှာပါ။ ကျန်းမာရေးထိခိုက်လောက်အောင်မဆိုးရွားပေမယ့် မကြာခဏဖြစ်တတ်ပါတယ်။ လက်ချောင်းတွေမှာ ရောင်ရမ်းမှုနဲ့အတူ နာကျင်မှုပါခံစားနေရတယ်ဆိုရင်တော့ ဆရာဝန်နဲ့ပြသပြီး ရောဂါရှာဖွေမှုပြုလုပ်ဖို့လိုအပ်ပါတယ်။ ကောက်ညှင်းထုပ်လို၊ ဝက်အူချောင်းလိုမျိုးနာကျင်မှုမရှိဘဲ လက်ချောင်းတွေရောင်ရမ်းတာကတော့ အပြင်ဘက်က ရာသီဥတုပူတာ၊ အငန်များတဲ့အစားအစာတွေစားပြီးချိန်နဲ့ သောက်နေတဲ့ဆေးဝါးတွေ စတာတွေကြောင့် လက်ချောင်းတွေရောင်ရမ်းတာဖြစ်နိုင်တဲ့အကြောင်းရင်းများစွာရှိပါတယ်။

### ရာသီဥတုပူလွန်းခြင်းကြောင့်ဖြစ်နိုင်ပါတယ်

ရာသီဥတုအလွန်ပူတဲ့အခါ သွေးကြောတွေကိုကျယ်စေပြီး အပူတွေကို အရေပြားကနေတစ်ဆင့်ထုတ်ပြီး အပူ၊ အအေးမျှတအောင် ခန္ဓာကိုယ်ကလုပ်ဆောင်တာဖြစ်တယ်လို့ ချီကာဂိုတက္ကသိုလ် အရိုးအကြောဌာနမှ ပါမောက္ခတစ်ဦးက ဆိုထားပါတယ်။ သွေးကြောတွေကျယ်သွားတဲ့အခါ အရည်တချို့ကအသားတစ်သျှုးပျော့တွေဆီစိမ့်ထွက်လာပြီး ရောင်ရမ်းမှုတွေဖြစ်လာစေတယ်လို့ သိရပါတယ်။ ရာသီဥတုပူတာကြောင့် လက်ချောင်းတွေရောင်ရမ်းတာက ပုံမှန်လှုပ်ရှားမှုတွေ လုပ်ဆောင်ရုံနဲ့ ပြန်လည်သက်သာနိုင်ပါတယ်။ လက်နဲ့လက်ချောင်းတွေမှာပဲ ရောင်ရမ်းနေတယ်၊ ခြေထောက်တွေမရောင်ရမ်းဘဲ နာကျင်မှုခံစားရတယ်၊ လက်ချောင်းတွေက အရာဝတ္ထုတွေကိုကိုင်တဲ့အခါ မမြဲဘူးဖြစ်နေတယ်ဆိုရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။

### ပြန်ရည်ကြောစနစ်ပိတ်ခြင်းဖြစ်နိုင်ပါတယ်

ပြန်ရည်ကြောစနစ်ပိတ်တဲ့အခါ ခန္ဓာကိုယ်ရဲ့အပြင်ဘက်ကို စွန့်ပစ်ပစ္စည်းတွေ၊ ဗက်တီးရီးယားပိုးနဲ့ဗိုင်းရပ်စ်ပိုး စတာတွေပါဝင်တဲ့ပြန်ရည်တွေ အပြင်ကိုမစီးဆင်းတော့ဘဲ ပိတ်ဆို့နေလို့ ရောင်ရမ်းမှုတွေဖြစ်လာပါတယ်။ လက်ချောင်းနဲ့ခြေမတွေအပြင် လက်မောင်းနဲ့ခြေထောက်တွေမှာလည်း ရောင်ရမ်းမှုတွေဖြစ်လာနိုင်ပါတယ်။ အရေပြားက တင်းတင်းကျပ်ကျပ်ဖြစ်ပြီး ပုံမှန်ထက်ပိုပြီးထူနေတတ်ပါတယ်။ ပြန်ရည်ကြောစနစ်ပိတ်ဆို့တာကြောင့် လက်ချောင်းတွေရောင်ရမ်းမှုဖြစ်တာကတော့ ရင်သားကင်ဆာရောဂါကို ခွဲစိတ်ကုသတာ ဒါမှမဟုတ် ဓာတ်ရောင်ခြည်ပေးကုသတာတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။

### အငန်အစားများတာကြောင့်ဖြစ်နိုင်ပါတယ်

အငန်ပါဝင်တဲ့အစားအစာတွေစားသုံးပြီးတဲ့အခါမှာ လက်ချောင်းတွေရောင်ရမ်းနေရင် ခန္ဓာကိုယ်ရဲ့ ဆားဓာတ်နဲ့ရေဓာတ်ထိန်းညှိမှု မညီမျှမှုတွေကြောင့်ဖြစ်ပါတယ်။ အငန်စားသုံးမှုများလေလေ ခန္ဓာကိုယ်ထဲကို ရေပြန်ဆွဲထားလေဖြစ်တာကြောင့် လက်ချောင်းတွေ ရောင်ရမ်းမှုဖြစ်လာရပါတယ်။ ဒါကြောင့် အငန်စားသုံးမှုကိုလျှော့ချသင့်ပါတယ်။ အငန်များတဲ့အစားအစာတွေဖြစ်တဲ့ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စတာတွေကို လျှော့စားသင့်ပါတယ်။ အသင့်အမြန်စားအစားအစာတွေဖြစ်တဲ့ ဟမ်ဘာဂါ၊ ဆန်းဒဝှစ်ချ်၊ ပီဇာ၊ အာလူးချောင်းကြော်တွေမှာလည်း အငန်ပါဝင်မှုများတတ်တာကြောင့် လျှော့စားသင့်ပါတယ်။ ဟင်းလျာတွေချက်ပြုတ်တဲ့အခါ အငန်ကို လျှော့စားနေတာတောင် လက်ချောင်းတွေ ရောင်ရမ်းမှုလျော့မသွားဘူးဆိုရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။

> **''အရိုးအဆစ်ရောင်ခြင်း၊ လေးဖက်နာအဆစ်ရောင်ခြင်း၊ ဂေါက်အဆစ်ရောင်ခြင်း စတာတွေကလည်း လက်ကိုထိခိုက်စေနိုင်ပါတယ်။ အတွေ့ရအများဆုံးဖြစ်တဲ့ အရိုးအဆစ်ရောင်ခြင်းက မိသားစုမျိုးရိုးလိုက်တာကြောင့်ပဲဖြစ်ဖြစ်၊ ထိခိုက်မိတာကြောင့်ပဲဖြစ်ဖြစ် ဖြစ်ပွားနိုင်ပါတယ်။ လက်မှာထိခိုက်မှုအများဆုံးနေရာကတော့ လက်မရဲ့အောက်ခြေနဲ့ လက်ချောင်းတွေရဲ့အစွန်ပိုင်းအဆစ်တွေဖြစ်. . .''**

### ရေးနှော့ရောဂါစုကြောင့်ဖြစ်နိုင်ပါတယ်

ရေးနှော့ရောဂါစု(Raynaud's disease) လို့ခေါ်တဲ့ ရာသီဥတုအေးတဲ့အခါနဲ့ စိတ်ဖိစီးမှုများတဲ့အခါတွေမှာ သွေးလွှတ်ကြောတွေကျဉ်းသွားတာကြောင့် သွေးလှည့်ပတ်မှုနည်းပြီး လက်ချောင်းတွေရောင်ရမ်းမှုနဲ့ နာကျင်မှုကို ခံစားရတာမျိုးဖြစ်နိုင်ပါတယ်။ အမျိုးသမီးတွေမှာ ပိုဖြစ်တတ်ပါတယ်။ လက်ချောင်းတွေရောင်ရမ်းမှုမဖြစ်ခင်မှာ ဖျော့တော့တော့ဖြစ်နေတာ ဒါမှမဟုတ် ပြာနှမ်းလာတာမျိုးဖြစ်တယ်ဆိုရင်တော့ ဆရာဝန်နဲ့ပြသသင့်ပါတယ်။

### အဆစ်ယိုယွင်းခြင်းဖြစ်နိုင်ပါတယ်

လက်ဆစ်တွေက ပုံမှန်ထက်ပိုကြီးနေတာ၊ အရိုးအဆစ်ရောင်ရမ်းရောဂါရှိနေတာတွေကြောင့် နံနက်အိပ်ရာထချိန်မှာ လက်ချောင်းတွေရောင်ရမ်းနိုင်ပါတယ်။ အသက်အရွယ်နဲ့ဆက်စပ်တဲ့အရိုးအဆစ်ရောင်ရမ်းမှုဖြစ်တာကြောင့် အဆစ်ဘေးကတစ်သျှုးတွေပျက်စီးတာကြောင့်လည်း လက်ချောင်းတွေရောင်ရမ်းတာဖြစ်လာနိုင်ပါတယ်။ လက်ချောင်းတွေရောင်ရမ်းတာက မကြာခဏဖြစ်နေတယ်၊ နာကျင်မှုခံစားရတယ်၊ လက်ချောင်းအဆစ်တွေက အကွေးအဆန့်မကောင်းဘဲ တောင့်တင်းနေတယ်ဆိုရင်တော့ ဆရာဝန်နဲ့ပြသဖို့လိုအပ်ပါတယ်။

### ကိုယ်ဝန်ဆောင်နောက်ဆက်တွဲပြဿနာများဖြစ်နေတတ်ပါတယ်

ကိုယ်ဝန်ဆောင်မိခင်တချို့မှာ လက်ချောင်းတွေရောင်ရမ်းမှုဖြစ်နိုင်ပါတယ်။ အထူးသဖြင့် လက်နဲ့မျက်နှာအရေပြားကို လက်မနဲ့ ဖိကြည့်ပြီး ပြန်လွှတ်လိုက်တဲ့စမ်းသပ်မှုပြုလုပ်ပြီး ရောင်ရမ်းနေတာဟုတ်၊ မဟုတ်သိရှိနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်ချိန်မှာ သွေးတိုးတာကိုမသိလို့ မကုသဘဲထားရင် မိခင်ရော ကလေးပါအန္တရာယ်များပါတယ်။ အသက် ၄၀ ကျော် ကိုယ်ဝန်ဆောင်မိခင်ဖြစ်စေ၊ ကလေးတစ်ယောက်ထက်ပိုပြီး နှစ်မြွှာပူး၊ သုံးမြွှာပူးကိုယ်ဝန်ဆောင်မိခင်ဖြစ်စေ၊ အဝလွန်တဲ့ကိုယ်ဝန်ဆောင်မိခင်ဖြစ်စေ သားဖွားမီးယပ်ပါရဂူနဲ့ စောစောပြသပြီး စောင့်ရှောက်ကုသမှုကို ရယူဖို့လိုအပ်ပါတယ်။

### လက်ချောင်းများထုံကျဉ်ရောဂါရှိခြင်းဖြစ်နိုင်ပါတယ်

လက်ကောက်ဝတ်အာရုံကြောတွေကြောင့် လက်ချောင်းလေးတွေ ထုံကျဉ်တာကို ခံစားနေရသူတွေမှာလည်း လက်ချောင်းရောင်ရမ်းတာဖြစ်နိုင်ပါတယ်။ လက်ချောင်းတွေရောင်ရမ်းတာအပြင် နာကျင်ကိုက်ခဲမှုခံစားရတာ၊ အသားတွေပူနေတာ၊ ထုံကျဉ်တာတွေနဲ့တွဲပြီးဖြစ်နေပြီး တဖြည်းဖြည်းနဲ့ပိုဆိုးလာတယ်ဆိုရင် ဆရာဝန်နဲ့ပြသဖို့လိုပါတယ်။ အမျိုးသားတွေထက် အမျိုးသမီးတွေမှာ သုံးဆပိုဖြစ်တတ်ပါတယ်။

### အဆစ်ရောင်ခြင်းဖြစ်နိုင်ပါတယ်

အရိုးအဆစ်ရောင်ခြင်း၊ လေးဖက်နာအဆစ်ရောင်ခြင်း၊ ဂေါက်အဆစ်ရောင်ခြင်း စတာတွေကလည်း လက်ကိုထိခိုက်စေနိုင်ပါတယ်။ အတွေ့ရအများဆုံးဖြစ်တဲ့အရိုးအဆစ်ရောင်ခြင်းက မိသားစုမျိုးရိုးလိုက်တာကြောင့်ပဲဖြစ်ဖြစ်၊ ထိခိုက်မိတာကြောင့်ပဲဖြစ်ဖြစ် ဖြစ်ပွားနိုင်ပါတယ်။ လက်မှာထိခိုက်မှုအများဆုံးနေရာကတော့ လက်မရဲ့အောက်ခြေနဲ့ လက်ချောင်းတွေရဲ့အစွန်ပိုင်းအဆစ်တွေဖြစ်ပါတယ်။

ခြေထောက်နဲ့လက်မှာ လေးဖက်နာပိုးကြောင့် အဆစ်တွေ၊ ခြေဆစ်တွေရောင်ရမ်းရင် မကုသဘဲထားပါက သွေးလွှတ်ကြောကတစ်ဆင့် နှလုံးထိရောက်ရှိသွားပြီး နှလုံးထိခိုက်နိုင်ခြေများတာ၊ အဆို့မလုံတာကြောင့် နှလုံးအားနည်းတာတွေဖြစ်လာပါတယ်။ ASO ဖောက်စစ်တဲ့အခါ(၂၅၀)အိုင်(ယူ)ထက်များနေရင် ပင်နီဆလင်ဗွီ (၂၅၀) မီလီဂရမ် တစ်နေ့လေးကြိမ်ကို ခြောက်လအထိသောက်ခြင်း ဒါမှမဟုတ် တစ်လတစ်ကြိမ် ပင်နီဆလင်ထိုးနှံခြင်းကို (၁-၂) နှစ်အထိဆက်တိုက်ထိုးနှံခြင်းက ရောဂါပျောက်ကင်းနိုင်ပါတယ်။ ပင်နီဆလင်ဗွီစားဆေးစားခြင်း၊ ပင်နီဆလင်ထိုးနှံခြင်းတို့ကို ကိုယ့်ဘာသာမဖြတ်သင့်ဘဲ ခြောက်လ ဒါမှမဟုတ် ရှစ်လကြာမှ သွေးဖောက်စစ်ကြည့်တာ ASO (၂၀၀ မီလီဂရမ်ရာခိုင်နှုန်း)ရဲ့ အောက်ဆိုရင် ကုသမှုအောင်မြင်တယ်လို့ယူဆပါတယ်။ လက်ချောင်း၊ ခြေချောင်းတွေရောင်ခြင်း၊ နာကျင်ခြင်းတို့မှ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

### သွေးလေးဖက်နာဖြစ်နိုင်ပါတယ်

သွေးဖောက်စစ်လို့ ASO က သာမန်သာရှိပြီး အရိုးအဆစ်ရောင်တာ၊ လက်ချောင်း၊ ခြေချောင်းရောင်တာမကျဘူးဆိုရင် သွေးလေးဖက်နာဖြစ်နိုင်ပါတယ်။ အမျိုးသမီးတွေပိုအဖြစ်များပါတယ်။ ခုခံအား ကမောက်ကမရောဂါစုထဲမှာ ပါဝင်ပါတယ်။ ခုခံအားက ခန္ဓာကိုယ်ရဲ့ဆဲလ်ကောင်းတွေကို မှားယွင်းပြီး တိုက်ခိုက်ရာကနေဖြစ်လာတဲ့ရောဂါမျိုးပါ။ အဆစ်အမျက်အပြင် ခန္ဓာကိုယ်တစ်ခုလုံးရဲ့တခြားစနစ်တွေပါထိခိုက်နိုင်ပါတယ်။ တစ်ကိုယ်လုံးထိခိုက်ရောင်ရမ်းလို့ စတီးရွိုက်ပေးရင်သက်သာနိုင်ပါတယ်။ စတီးရွိုက်ကြောင့်လည်း ခြေ၊ လက်ရောင်ရမ်းနိုင်ပါတယ်။ အဆစ်အမျက်ရောင်ရမ်းကိုက်ခဲတာ ပျောက်ချင်ဇောနဲ့ စတီးရွိုက်စားဆေး၊ ထိုးဆေးပေးတာများရင်လည်း ဆေးရဲ့ဘေးထွက်ဆိုးကျိုးက အဆစ်ရောင်တာဖြစ်နိုင်တဲ့အတွက် ဆရာဝန်နဲ့ပြပြီး ကုသမှုခံယူသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

---

## ဘုတ်ပြင်းမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပ



ဘုတ်ပြင်း ဇန်နဝါရီ ၅

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကို ဇန်နဝါရီလ ၄ ရက်က မြို့မအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး (အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း) မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အာလူးကောက်၊ ဖယောင်းတိုင်မီးထွန်း၊ စာအုပ်ရွက်၊ ဂုန်နီအိတ်စွပ်၊ သုံးချောင်းထောက်၊ အပ်ထိုး၊ ဂိုးကျဉ်းသွင်း၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက် စသည့်အားကစားနည်းများကို အားကစားဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဆက်လက်၍ ပြိုင်ပွဲအသီးသီးအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# ဘိုကလေးမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူကြိုကျောင်းသား ကျောင်းသူများအားကစားပြိုင်ပွဲ စံပြမိခင်နှင့်ကလေးပြိုင်ပွဲများကျင်းပ

ဘိုကလေး ဇန်နဝါရီ ၅

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမှတ် (၉)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်း၌ ဇန်နဝါရီလ ၄ ရက်က မူကြိုကျောင်းသား၊ ကျောင်းသူများ အားကစားပြိုင်ပွဲကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာမျိုးနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စံပြမိခင်နှင့် ကလေးပြိုင်ပွဲကို ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်း၊ ဖျာပုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦး၊ ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာမျိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ပြိုင်ပွဲဝင်မိခင်နှင့်ကလေးများ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်ကလေးငယ်များအား တာဝန်ရှိသူများက ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုစစ်ဆေးခြင်း စသည်ဖြင့်လိုအပ်သည်များကို စစ်ဆေးအကဲဖြတ်အမှတ်ပေးကြသည်။



ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာမျိုးက အဖွင့်အမှာစကားပြောကြားခြင်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အမှတ်ပေးမှုပုံစံများကို ရှင်းလင်းပြောကြားခြင်းတို့ ဆောင်ရွက်ပြီး ပြိုင်ပွဲ၌ အသက်အပိုင်းအခြားအလိုက် ဆုရရှိကြသောကလေးငယ်များ၊ အမွှာကလေးများနှင့် စံပြမိခင်များအား တာဝန်ရှိသူများက ဆုအသီးသီး ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်ကလေးများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



မလှိုင် ဇန်နဝါရီ ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဝါးခွကျေးရွာအုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇန်နဝါရီလ ၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝါးခွကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးအတွက် ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးအတွက် ငွေကျပ် ၅ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးအတွက် ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးအတွက် ငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

ကျောက်ဆည် ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်းကို ဇန်နဝါရီလ ၄ ရက်က ကျောက်ဆည်မြို့နယ် မင်းရပ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်/ကျေးရွာများ၌ ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ် နေ့ရက်များသတ်မှတ်၍ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသောအသက်အရွယ်တွင် ထိုးနှံတိုက်ကျွေးပေးနိုင်မှသာ ကလေးငယ်များအတွက် အဆုတ်ရောင်၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ ပြင်းထန်အဆုတ်ရောင်၊ ပိုလီယိုအကြောသေ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ကျောက်ဆည်မြို့နယ်အတွင်းရှိ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေပြင်ကွင်းဆင်းကာ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်/ကျေးရွာများရှိ စုရပ်အသီးသီး၌ ထိုးနှံတိုက်ကျွေးပေးကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# ကျွန်းလှမြို့နယ်၌ စပါးရိုးပြတ်များအား ယူရီးယားနှင့် EM အသုံးပြုပြီး ထယ်မှောက်ဆွေးမြည့်စေခြင်း အသိပညာပေး

ကျွန်းလှ ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် မီးခိုး/မြူငွေ့ကင်းစင်ရေးအတွက် စပါးရိုးပြတ်များအား ယူရီးယားနှင့် EM အသုံးပြုပြီး ထယ်မှောက်ဆွေးမြည့်စေခြင်း အသိပညာပေးကွင်းသရုပ်ပြပွဲကို ဇန်နဝါရီလ ၅ ရက်တွင် တပ်ကုန်းကျေးရွာရှိတောင်သူဦးမင်းနိုင်၏ လယ်မြေငါးဧက၌ ကျင်းပသည်။

အဆိုပါအသိပညာပေးကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မိုးစပါးရိတ်သိမ်းပြီးနောက် ကျန်ရှိသည့်ရိုးပြတ်များအား ယူရီးယားနှင့် EM အသုံးပြုပြီး ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် ပင်ကြွင်းပင်ကျန်များ လျင်မြန်စွာဆွေးမြည့်နိုင်သည့်အပြင် မြေအောင်းပိုးမွှားရောဂါများကို ကာကွယ်ပေးခြင်း၊ မြေသြဇာအဖြစ် ပြန်လည်ရရှိခြင်း၊ အပင်ကြီးထွားမှုကိုအားပေးသော အဏုဇီဝပစ္စည်းအဖြစ် အကျိုးပြုခြင်း၊ မြေဆီလွှာတွင် Organic Matter ပါဝင်မှုများလာခြင်းနှင့် ဖွဲ့စည်းတည်ဆောက်မှုပိုမိုကောင်းမွန်ခြင်း၊ ဓာတုမြေသြဇာသုံးစွဲမှုလျော့နည်းလာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အသိပညာပေးကွင်းသရုပ်ပြပွဲကို ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် စတော့ရှယ်ယာအရောင်းအဝယ်ရပ်နားခဲ့သော်လည်း ယခုတစ်ပတ်အတွင်း ယခင်ထက် စတော့ရှယ်ယာအရောင်းအဝယ်မြင့်တက်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်စတော့အိတ်ချိန်း၌ နှစ်သစ်ကူးရုံးပိတ်ရက်များတွင် စတော့ရှယ်ယာအရောင်းအဝယ်ရပ်နားခဲ့သော်လည်း ယခု ဇန်နဝါရီလပထမပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်းပေါင်း ၅၄၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ တစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်ထက် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇန်နဝါရီလ ၂ ရက်နှင့် ၃ ရက်တို့တွင် စုစုပေါင်း ငွေကျပ် ၅၄၂၂၉၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၅၉၄၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကုမ္ပဏီတစ်ခုချင်းအလိုက် အရောင်းအဝယ်ပြုလုပ်မှုအနေဖြင့် FMI ကုမ္ပဏီမှ ငွေကျပ် ၁၇၆၂၂၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၁၁၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၂၃၄၅၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၂၂၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၂၄၉၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၃၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၇၉၀၄၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၄၁၆၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၂၀၁၄၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၂၁၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၆၈၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၀၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၈၂၅၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၉၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်အတွင်း TMH ကုမ္ပဏီမှအပ ကျန်ကုမ္ပဏီများ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ပြီးခဲ့သည့်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက စတော့ရှယ်ယာအစောင် ၁၆၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။




**ခန့်ခန့်**

# ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ




ရွှေကျင် ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီလ ၅ ရက်တွင် ကျင်းပကြောင်း သိရသည်။

အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း(ရွှေကျင်) မှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလှမင်းသူက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ဦးက ပညာရေးဆိုင်ရာအချက်အလက်များနှင့် စုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေကျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

တောင်သာ ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုငွေဖြင့် ရုံးစည်ကြီးကျေးရွာအုပ်စု ရုံးစည်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဇန်နဝါရီလ ၅ ရက်တွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများသည် ရုံးစည်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရုံးစည်ကြီးကျေးရွာ၌ အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို VDP ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၆ ဒသမ ၁၅ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၁၅ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် စက်တင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**

# မြစ်သားမြို့ မူလတန်းကြိုကျောင်း၌ ကလေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြစ်သား ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်း ကလေးငယ်များ ကိုယ်ကာယကျန်းမာသန်စွမ်းစေရန်ရည်ရွယ်၍ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီလ ၄ ရက်က မြစ်သားမြို့ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အဆိုပါ ကာယစွမ်းရည်ပြိုင်ပွဲတွင် ကစားနည်းများဖြစ်သည့် ဘောလုံးလွှန်းပုံ့ပြိုင်ပွဲ၊ ခွက်ထပ်ပြိုင်ပွဲ၊ အရုပ်ကောက်ပြိုင်ပွဲ စသည့်ကစားနည်းမျိုးစုံပါဝင်ကစားကြရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်ရောက်ခဲ့သည့် ပြိုင်ပွဲဝင်ကလေးငယ်များအား အမှတ်တရလက်ဆောင်အရုပ်များပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်( ၁ ) ဗိုလ်မှူး ဘိုဘိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ဇာဝင်းနှင့် ဆရာမများ၊ ကလေးငယ်များ၏မိဘများနှင့် ပြိုင်ပွဲဝင်ကလေးငယ်များ တက်ရောက်ကြကြောင်း သိရသည်။ **ဝါဝါမြင့်(ပြန်/ဆက်)**

❒ ကျောဖုံးမှအဆက်

တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာ၌ တရားမဝင်အခြားသစ် (သုည ဒသမ ၇၁၂)တန် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၉၇၇၉)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၆၁၁၃၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Doh Shwe Myanmar Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း၊ ကျိုင်းဖောင်းရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှ တောင်ငူမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် King Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး (၂၀၀)တန်၊ ကျွန်းသစ် (၁ ဒသမ ၄၀၉)တန်၊ သစ်မာ(သုည ဒသမ ၅၃၇)တန်၊ အခြားသစ်(၁ ဒသမ ၉၄၄) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၀၅၂၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၃၀၅၂၁)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၁၆၁၆၆၀)**ကို ဖမ်းဆီးရမိခဲ့ပါသည်။

တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိအသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး



နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးစက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များမှာကြားသည်။

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာတော်(မ)ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဇေယျာသီရိခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနှင့်တာဝန်ရှိသူများက ရွာတော်(မ)ကျေးရွာ၌

ရွာတော်(မ)ကျေးရွာ ကျေးလက်ရေရရှိရေး အကျယ် ၄ လက်မ၊ အနက်ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၉၅၆ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ အောက်တိုဘာလ ပထမပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သူသူ**




အလိမ္မာစာမှာရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်မည့် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းဆင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ(အဖြူ/အစိမ်း)များ ချုပ်လုပ်ခြင်း၊ ဝယ်ယူခြင်းအတွက် သတ်မှတ်ချက်များနှင့်ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | (၆-၁-၂၀၂၅)ရက်နေ့မှ(၂၀-၁-၂၀၂၅)ရက်ထိ(ရုံးချိန်အတွင်း) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | (၂၀-၁-၂၀၂၅)ရက်နေ့၊ ညနေ(၄:၃၀)နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ဘီးလင်းမြို့နယ်၊ ယွန်းဒလင်းကုန်းကျေးရွာနေ ဇင်မာလွင်(ဘ)ဦးချစ်တင် ၁၀/ဘလန(နိုင်)၀၉၄၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 543311)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၇၉၉၉၂


**ပျောက်ဆုံးကြောင်း**
သန္တာစိုး(ဘ)ဦးမြင့်နိုင် ၉/ခမစ(နိုင်)၀၁၃၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်ထက်(ဘ)ဦးဖိုးသိန်း ၅/ဒပယ(နိုင်)၁၁၄၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၀၄၄၉၀၇၁

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ အထက(၁)ညောင်လေးပင်ကျောင်း Grade-6(A) မှအဘ ဦးစိုးနိုင်လတ်၏သမီး မကြယ်စင်အောင်အား မခင်ရတနာသင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မခင်ရတနာသင်း

**ပျောက်ဆုံးကြောင်း**
ဝေဖြိုးကျော်(ဘ)ဦးမောင်မြင့် ၁၄/ဖပန(နိုင်)၁၉၄၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အာဂျင်တီးနားအသင်းနှင့် အင်တာမိုင်ယာမီအသင်းခေါင်းဆောင် မက်ဆီကို သမ္မတဂုဏ်ထူးဆောင်ဆုချီးမြှင့်အပ်နှင်း




ဝါရှင်တန် ဇန်နဝါရီ ၅

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အာဂျင်တီးနားအသင်းနှင့် အင်တာမိုင်ယာမီအသင်းခေါင်းဆောင် မက်ဆီကို သမ္မတဂုဏ်ထူးဆောင်ဆုဖြစ်သည့် Presidential Medal of Freedom Award ဆု ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

Presidential Medal of Freedom Award သည် အမေရိကန်နိုင်ငံ၌ အရပ်သားများကိုပေးအပ်သည့် ဂုဏ်ပြုဆုများတွင် အမြင့်ဆုံးဆုတံဆိပ်ဖြစ်ပြီး မက်ဆီနှင့်အတူ စုစုပေါင်း ၁၇ ဦးကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ကာ ဘောလုံးကစားသမားများတွင် မက်ဆီတစ်ဦးတည်းသာပါဝင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၇ နှစ်အရွယ် မက်ဆီသည် ၂၀၂၃ ခုနှစ် ဇူလိုင်လက ပီအက်စ်ဂျီအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့ကာ အင်တာမိုင်ယာမီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ၁၀ ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းနှင့်အတူ ရှုံးထွက်ဖလားဆွတ်ခူးနိုင်သကဲ့သို့ Open Cup ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။

အလားတူ မက်ဆီသည် ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ မေဂျာလိဂ်ပြိုင်ပွဲ(အရှေ့ပိုင်းဇုန်) ၌ ရမှတ် ၇၄ မှတ်ဖြင့် အမှတ်ပေးဖလားပြိုင်ပွဲတွင် အဆင့်(၁)နေရာ၌ ရပ်တည်နိုင်သကဲ့သို့ပြိုင်ပွဲသမိုင်းတစ်လျှောက် ရမှတ်အများဆုံးဖြင့် အဆင့်(၁)နေရာ၌ ရပ်တည်နိုင်သည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီအနေဖြင့် အင်တာမိုင်ယာမီအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် မက်ဆီနှင့်အသင်းဖော်ဟောင်းများဖြစ်ပြီး ဥရောပထိပ်တန်းကစားသမားများဖြစ်သည့် ဆွာရက်ဇ်၊ ဘတ်စ်ကွက်နှင့် အယ်ဘာတို့လည်း ပြောင်းရွှေ့ကစားပြီးနောက် မေဂျာလိဂ်ပြိုင်ပွဲမှာလည်း ပရိသတ်စိတ်ဝင်စားမှုမြင့်တက်လာခြင်းဖြစ်သည်။

မက်ဆီသည် အင်တာမိုင်ယာမီအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ၎င်းအနေဖြင့် အမေရိကန်ဘောလုံးလောကကို စိတ်ဝင်စားမှုမြင့်တက်အောင် စွမ်းဆောင်ပေးနိုင်သည့်အတွက် သမ္မတဂျိုးဘိုင်ဒင်က သမ္မတဂုဏ်ထူးဆောင်ဆုချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# ဘာစီလိုနာအသင်းသမိုင်းတစ်လျှောက် ဒုတိယမြောက်အသက်အငယ်ဆုံး ကစားသမားအဖြစ် တိုနီမှတ်တမ်းဝင်

မက်ဒရစ် ဇန်နဝါရီ ၅

ဘာစီလိုနာအသင်း လူငယ်ကစားသမား တိုနီဖာနန်ဒက်သည် စပိန်ကိုပါဒယ်ရေးဖလားပွဲစဉ်အဖြစ် ဘာဘက်စထိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် လမိုင်းယာမယ်ပြီးလျှင် ဒုတိယမြောက် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်သည့် လူငယ်တိုက်စစ်ကစားသမား တိုနီဖာနန်ဒက်သည် နည်းပြ ဟန်ဆီဖလစ်၏ ယုံကြည်မှုနှင့်အတူ ဘာဘက်စထိုအသင်းနှင့်ပွဲစဉ်၌ အသင်းကစားသမားစာရင်းတွင်ပါဝင်လာပြီး ပွဲချိန် ၈၁ မိနစ်တွင် ပါဘလို၏နေရာ၌ လူစားဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ခြင်းဖြစ်သည်။

တိုနီဖာနန်ဒက်သည် ဘာဘက်စထိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ကစားသည့်ပွဲစဉ်၌ ပါဝင်ကစားသည့်အချိန်တွင် ၎င်း၏အသက်မှာ ၁၆ နှစ်နှင့် ၁၇၃ ရက်သာရှိသေးသည့်အတွက် ဘာစီလိုနာအသင်းသမိုင်းတစ်လျှောက် ဒုတိယမြောက်အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ရီးယဲလ်မက်ဒရစ်အသင်းက အသင်းမှ အဓိကတောင်ပံတိုက်စစ်ကစားသမား ဗင်နီစီးယက်စ်၏ အနီကတ်ပြစ်ဒဏ်အတွက် အယူခံဝင်မည်

မက်ဒရစ် ဇန်နဝါရီ ၅

ရီးယဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းနှင့်ပွဲစဉ်တွင်ပြသခံခဲ့ရသည့် အသင်းမှအဓိကတောင်ပံတိုက်စစ်ကစားသမား ဗင်နီစီးယက်စ်၏ အနီကတ်ပြစ်ဒဏ်အတွက် အယူခံဝင်မည်ဖြစ်ကြောင်း သိရသည်။

စပိန်လာလီဂါပွဲစဉ်အဖြစ်ကစားသည့် ရီးယဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲချိန် ၇၉ မိနစ်တွင် ဗလင်စီယာအသင်းဂိုးသမား ဒီမီတီယာဗက်စကီးက ဗင်နီစီးယက်စ်ကို စိတ်ဆိုးစေသည့်အပြုအမူပြုလုပ်ရာမှ ဗင်နီစီးယက်စ်က ဒီမီတီယာဗက်စကီးကို လက်ဖြင့်တွန်းခဲ့သောကြောင့် ကွင်းလယ်ဒိုင်လူကြီး ဆီဇာဆိုတိုက တိုက်ရိုက်အနီကတ်ပြပြီး ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်သည် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ကွင်းအတွင်းမှထွက်ခွာရာတွင်လည်း ကွင်းလယ်ဒိုင်လူကြီး ဆီဇာဆိုတိုကို အော်ဟစ်ကြိမ်းမောင်းမှုများပြုလုပ်ခဲ့ကာ ကိုယ်ထိလက်ရောက်ကျူးလွန်ရန်ကြိုးစားနေသည့်အတွက် အသင်းဖော်များက ထိန်းချုပ်ပြီး ကွင်းပြင်ပသို့ခေါ်ဆောင်ခဲ့ရသည်။

ဗင်နီစီးယက်စ်အနေဖြင့် ပြိုင်ဘက်ကစားသမားအပေါ် ဥပဒေမဲ့ ပြစ်ဒဏ်ကျူးလွန်ခဲ့သည့်အပြင် ကွင်းလယ်ဒိုင်ကိုပါ ကိုယ်ထိလက်ရောက်ကျူးလွန်ရန်ကြိုးပမ်းခဲ့သည့်အတွက် ပြင်းထန်သည့်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေသောကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက အယူခံဝင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်သည် ဗလင်စီယာအသင်းနှင့် ပွဲစဉ်၌ ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အပြင် အသင်းအနေဖြင့် ၁ ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်နေသည့်အချိန်တွင် စိတ်ကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပြိုင်ဘက်ကစားသမားကို ဥပဒေမဲ့ ပြစ်ဒဏ်ကျူးလွန်သည့်အတွက် ပရိသတ်များ၏ဝေဖန်မှုများနှင့် ရင်ဆိုင်နေရပြီး ပြင်းထန်သည့်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လီဗာပူးအသင်းနှင့်သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုအဆင်မပြေသောကြောင့် အသင်းမှထွက်ခွာရန် ဆာလက်ချ်ဆုံးဖြတ်ထား

လန်ဒန် ဇန်နဝါရီ ၅

လီဗာပူးအသင်း အဓိကတိုက်စစ်ကစားသမား ဆာလက်ချ်က အသင်းနှင့်သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုအဆင်မပြေသောကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

ဆာလက်ချ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း လီဗာပူးအသင်း အမှတ်ပေးဇယားထိပ်ဆုံးမှဦးဆောင်လျက်ရှိရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်နေသူဖြစ်သည်။

လက်ရှိ လီဗာပူးအသင်းနှင့် ဆာလက်ချ်၏စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ငါးလကျော်သာကျန်ရှိတော့သည့်အတွက် လီဗာပူးအသင်းက ရာသီအစပိုင်းကတည်းက သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေသော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်နေသောကြောင့် ကြန့်ကြာနေခြင်းဖြစ်သည်။

ဆာလက်ချ်က "ဒီနှစ်က အသင်းနဲ့နောက်ဆုံးနှစ်ဖြစ်တာကြောင့် ကျွန်တော် အသင်းကို ထူးခြားတာတစ်ခုခုလုပ်ဆောင်ပေးချင်ပါတယ်။ အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးမှုတွေက တိုးတက်လာတာမရှိလို့ ဒီနှစ်ဘောလုံးရာသီက အသင်းကစားသမားဘဝနောက်ဆုံးနှစ်ဖြစ်လာမှာပါ"ဟု ပြောသည်။

*Ref;Fabrizio Romano*



# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၀-၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၉-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာသင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၀-၃-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady. net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမ ရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ(၁၄၄၀၀၀) ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


Smart P ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
PREMIUM QUALITY CEMENT
RHINO CEMENT
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ. . .**

❖ **စာတတ်ပြီးစာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ . . .**

❖ **စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ. . .**

❖ **လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်. . .**

❖ **စာပေလေ့လာဖတ်ရှုနိုင်မည့်ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့်တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Together Urban Force အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ




အင်းစိန်မြို့နယ်၊ ရတနာသိခ်ဘုန်းကြီးကျောင်းဝင်းအတွင်းနှင့်ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်ရှိနေအိမ်တို့တွင် ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇန်နဝါရီ ၅

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ပတ်သက်ဆက်နွှယ်နေသောအဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် **စာမျက်နှာ ၁၆ ကော်လံ ၁** ❍

# ဗီယက်နမ်က ဟန်္နိုင်းမြို့အတွင်းပြေးဆွဲမည့်ယာဉ်အားလုံးကို လျှပ်စစ်ကားများဖြင့် အစားထိုးရန်စီစဉ်

စာ - ၂၂ သို့




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၂ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် **စာမျက်နှာ ၂၇ ကော်လံ ၁** ❒

## တနင်္ဂနွေနေ့ ဘောလုံးပွဲ ရလဒ်များ

| | | |
|---|---|---|
| **အင်္ဂလန်ပရီးမီးယားလိဂ်** | | |
| ဘရိုက်တန် | ၁ - ၁ | အာဆင်နယ် |
| ဖူဟမ် | ၂ - ၂ | အစ်ဆွစ် |
| လီဗာပူး | ၂ - ၂ | မန်ယူ |
| **အီတလီစီးရီးအေ** | | |
| ဗီရိုနာ | ၀ - ၀ | အူဒီးနီးစ် |
| မွန်ဇာ | ၁ - ၂ | ကက်ဂလီယာရီ |

